မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၁ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၀/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်)

**ပြည်နယ်ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး ကို ယင်း၏သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

**မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ လူငယ်များကိုမှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံသားကောင်းများဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်ရန် **မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၁)
ပညာရေးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၂)
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(စ) အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဆ) အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်
(ဇ) အမြဲတမ်းအတွင်းဝန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဈ) အမြဲတမ်းအတွင်းဝန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်
(ည) အမြဲတမ်းအတွင်းဝန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဋ) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်
(ဌ) လူငယ်ကိုယ်စားလှယ်တစ်ဦးစီ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အားလုံး — အဖွဲ့ဝင်
(ဍ) ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အတွင်းရေးမှူး
(ဎ) လူငယ်ကိုယ်စားလှယ်တစ်ဦး ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — တွဲဖက်အတွင်းရေးမှူး

၂။ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) လူငယ်ရေးရာမူဝါဒပါ မဟာဗျူဟာလုပ်ငန်းစီမံချက်ပါ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီက တာဝန်ယူဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊
(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူငယ်ရေးရာကော်မတီများနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများအကြား လူငယ်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးရမည်၊
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီမှ ပေးပို့သော ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို တာဝန်ခံမှုဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီတွင် ဆွေးနွေးတင်ပြရမည်။

၃။ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရမည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်)

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး

ကာကွယ်ရေးဗဟိုအဖွဲ့တွင် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး **အစား** ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်)

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယင်းဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ **ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ညွှန်ကြားရေးမှူး (မကူးစက်)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အတွင်းရေးမှူး<br>(၁) |

(ယ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းတာဝန်ခံ/စီမံချက်မန်နေဂျာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အတွင်းရေးမှူး (၂)

၂။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့် အတိုင်းဖြစ်သည်။

၃။ အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၈/၂၀၁၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

### ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်သည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်၊ ရာပြည့်သဘင်အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်၊ ရာပြည့်သဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည် | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း | ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမင်းသူ | ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးသိန်းဆွေ | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဦးစိုးဝင်း | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဦးသောင်းထွန်း | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဦးဟန်ဇော် | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဦးနိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ဦးကျော်တင် | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (ဘ) | ဦးမော်သန်း | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (မ) | ဒေါက်တာဝင်းသိမ်း | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ယ) | ဦးဝင်းမော်ထွန်း | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ဦးနိုင်ငံလင်း | လူမှုရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (လ) | ဦးမောင်မောင်စိုး | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဝ) | ဒေါက်တာသက်လွင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ | အဖွဲ့ဝင် |
| (သ) | ဒေါက်တာမျိုးကြွယ် | ဥက္ကဋ္ဌ<br>အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| (ဟ) | ဒေါက်တာမောင်မောင်ဝင့် | ဥက္ကဋ္ဌ<br>အမျိုးသားပညာရေးအဆင့်အတန်းနှင့်<br>အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ | အဖွဲ့ဝင် |
| (ဠ) | ဒေါက်တာမြင့်ဆွေ | ဥက္ကဋ္ဌ<br>အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ | အဖွဲ့ဝင် |
| (အ) | ဒေါက်တာဇော်ဝေစိုး | ဥက္ကဋ္ဌ<br>ပါမောက္ခချုပ်များကော်မတီ | အဖွဲ့ဝင် |
| (ကက) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ခခ) | ဦးဖြိုးမင်းသိန်း | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | တွဲဖက်<br>အတွင်းရေးမှူး |

၂။ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်၊ ရာပြည့်သဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်၊ ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အတွက် လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ တာဝန်ခွဲဝေပေးအပ် ဆောင်ရွက်ခြင်း၊

(ခ) ဦးစီးကော်မတီအဆင့် ညှိနှိုင်းအစည်းအဝေးများ ခေါ်ယူကျင်းပပြီး လုပ်ငန်းလမ်းညွှန်မှုများ၊ ညှိနှိုင်းမှုများနှင့် လုပ်ငန်းတိုးတက်မှုအကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

## မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်း** ကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဘူမိသိပ္ပံပညာ**ဆိုသည်မှာ ကမ္ဘာဂြိုဟ်နှင့်သက်ဆိုင်သော ဖြစ်ပေါ်လာခြင်း၊ ဖွဲ့စည်းထားခြင်း၊ အချိန်နှင့်အညီ ပြောင်းလဲဖြစ်ပေါ်နေခြင်းနှင့် လှုပ်ရှားခဲ့မှုများ၊ နေထိုင်ခဲ့သော သက်ရှိများ၊ မျက်နှာပြင် အသွင်အပြင်အစရှိသည့် ကမ္ဘာဂြိုဟ်နှင့် သက်ဆိုင်သည်များကို လေ့လာသော ပညာရပ်ဖြစ်ပြီး ၎င်းလေ့လာမှုမှ တွေ့ရှိချက်များကိုအခြေခံ၍ ပိုမိုသိရှိနားလည်ရန် ဆက်လက်လေ့လာခြင်းနှင့် ရရှိလာသော အသိပညာများကိုအသုံးပြုကာ လူသားအရင်းအမြစ်များအတွက် သဘာဝသယံဇာတများ ဖော်ထုတ်ခြင်း၊ စက်မှုကုန်ကြမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊ ရေအရင်းအမြစ်များ ထိန်းသိမ်းစီမံခန့်ခွဲခြင်းနှင့် အဆောက်အအုံများ၏ ခိုင်ခံ့မှုများအတွက် ဘူမိအင်ဂျင်နီယာဆိုင်ရာ လေ့လာတွက်ချက်ခြင်းစသည့် အသိဉာဏ်နှင့်ယှဉ်၍ အသုံးချရသော သိပ္ပံပညာရပ်ကို ဆိုလိုသည်။

(ခ) **အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်**ဆိုသည်မှာ ဘူမိဗေဒပညာရပ်ကို အခြေခံပြီး အခြားသော သိပ္ပံပညာရပ်များနှင့်ပေါင်းစပ်၍ လူသားတို့အကျိုးအတွက် သတ္တုနှင့် တွင်းထွက်သယံဇာတများ၊ စက်မှုကုန်ကြမ်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ စီးပွားဖြစ်မြေအောက်ရေတူးဖော်ခြင်း၊ ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ဘူမိဆိုင်ရာ လေ့လာစစ်ဆေးအကြံပေးခြင်း၊ အဆောက်အအုံ၊ လမ်းတံတားနှင့် ဆည်မြောင်းတာတမံများ တည်ဆောက်ရာတွင် မြေသားခံနိုင်ဝန်အား စမ်းသပ်တိုင်းတာခြင်းစသည့် လုပ်ငန်းများတွင် အသုံးပြုသော လက်တွေ့အသုံးချ ဘူမိသိပ္ပံဆိုင်ရာပညာရပ်များကို ဆိုသည်။

(ဂ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရမည့် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာနများ**ဆိုသည်မှာ ဘူမိသိပ္ပံပညာရှင်များအား ခန့်အပ်တာဝန်ပေးအပ်မည့် ပြည်ထောင်စုအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနများကို ဆိုသည်။

(င) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီကို ဆိုသည်။

(စ) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဆ) **အလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဇ) **အလုပ်အမှုဆောင်အဖွဲ့ဝင်**ဆိုသည်မှာ မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဦးကို ဆိုသည်။

(ဈ) **ဘူမိသိပ္ပံပညာရှင်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိသူကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်အလုပ်သင်ဘူမိသိပ္ပံပညာရှင်၊ မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်တို့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဘူမိသိပ္ပံပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းကြပ်မတ်မြှင့်တင်ရန်၊

(ဂ) နိုင်ငံတော်၏သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် မြေအောက်ရေရှာဖွေရေးကဏ္ဍများတွင် ခေတ်မီဘူမိသိပ္ပံပညာရပ်များကို ထိရောက်မှန်ကန်စွာ စနစ်တကျ အသုံးချလာစေခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက် ကောင်းမွန်လာစေရန်၊

(ဃ) ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(င) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန်၊

(စ) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရပ်သင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် သုတေသနဌာနများ ထူထောင်ဖွင့်လှစ်နိုင်ရန်၊

(ဆ) နိုင်ငံတကာရှိ အလားတူ အုပ်ချုပ်မှုအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပညာရှင်များအား အပြန်အလှန်အသိအမှတ်ပြုမှု ရယူနိုင်ရန်။

## အခန်း (၃)
## ကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သည့် ၇ ဦးထက်မပိုသော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏နာယကအဖွဲ့သည် အဖွဲ့ဝင် ၅၅ ဦးပါဝင်သော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီကို သတ်မှတ်ချက်များနှင့်အညီ ပုဒ်မခွဲ (က) နှင့် (ခ) ပါ အဖွဲ့အစည်းမှ ၁၅ ဦးစီနှင့် ပုဒ်မခွဲ (ဂ) ပါ အဖွဲ့အစည်းမှ ၂၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(က) တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်များ၊

(ခ) ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ပါမောက္ခအဆင့်ထက် မနိမ့်သော တာဝန်ရှိသူများ၊

(ဂ) အစိုးရမဟုတ်သော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့အစည်းများက အဆိုပြုသော ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်များ။

၆။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ၅ နှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ထမ်းဆောင်ခွင့်ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်အဖြစ် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ သတ်မှတ်နည်းလမ်းနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ ဖြည့်စွက်ခန့်ထားသော သက်တမ်းကို ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ သက်တမ်းတစ်ခုအဖြစ် သတ်မှတ်ခြင်း မရှိစေရ။

(စ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပုဒ်မ ၅ အရ အသစ်ဖွဲ့စည်းသည့် ကောင်စီသို့ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းတာဝန်လွှဲပြောင်းပြီးသည်အထိ တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၄)
## အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်း

၇။ ကောင်စီ၏နာယကအဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ပုဒ်မ ၁၁ ပါ အရည်အချင်းများနှင့်အညီ ကောင်စီဝင်များထဲမှ ရွေးချယ်ခန့်အပ်တာဝန်ပေးရမည်။ ကျန်ကောင်စီဝင်များက ဒုတိယဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့အနက်မှ ရွေးကောက်တင်မြှောက်၍ တာဝန်ပေးအပ်ရမည်။

၈။ ကောင်စီသည် မိမိ၏ကိုယ်စား ဤဥပဒေနှင့်အညီ ကောင်စီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဘူမိသိပ္ပံကောင်စီ၏ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ဘူမိသိပ္ပံကောင်စီ၏ဒုတိယဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌများ |
| (ဂ) | ဘူမိသိပ္ပံကောင်စီ အတွင်းရေးမှူး | အတွင်းရေးမှူး |
| (ဃ) | ဘူမိသိပ္ပံကောင်စီ၏တွဲဖက်အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူးများ |
| (င) | ဘူမိသိပ္ပံကောင်စီ၏ ဘဏ္ဍာရေးမှူး | ဘဏ္ဍာရေးမှူး |
| (စ) | ဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင် (၈) ဦး | အဖွဲ့ဝင် |

၉။ ကောင်စီ၏ သက်တမ်းအတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင် လစ်လပ်မှုရှိပါက အနီးကပ်ဆုံးကျင်းပသည့် ကောင်စီအစည်းအဝေးတွင် အစားထိုးရွေးချယ် တာဝန်ပေးရမည်။

၁၀။ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) ကောင်စီကို တာဝန်ခံရမည်။

(ခ) ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) မိမိ၏ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပသည့် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်နှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပရမည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို စိတ်ဝင်စားမှုရှိပြီး ဦးဆောင်စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။

(ဃ) ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများကို နှံ့စပ်ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

(င) ပြည်တွင်း ပြည်ပရှိ အစိုးရအသိအမှတ်ပြု တက္ကသိုလ် ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ ရရှိသူဖြစ်ရမည်။

၁၂။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည် -

(က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေး လုပ်ငန်းကော်မတီ၊

(ခ) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(ဂ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊

(ဃ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံနှုန်းများ စိစစ်ရေးလုပ်ငန်းကော်မတီ၊

(င) ကျင့်ထုံးများ ပြုစုရေးဆွဲပြဋ္ဌာန်းရေးလုပ်ငန်းကော်မတီ၊

(စ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများ အရည်အသွေး စစ်ဆေး အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(ဆ) ခေတ်မီဘူမိသိပ္ပံပညာရပ်များနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ သင်ကြားရေးနှင့် သုတေသနပြုရေးလုပ်ငန်းကော်မတီ၊

(ဇ) အခြားလိုအပ်သောလုပ်ငန်းကော်မတီများ။

၁၃။ ကောင်စီသည် လုပ်ငန်းကော်မတီများကို ကောင်စီဝင်များနှင့် ပြင်ပမှသင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရမည်။

၁၄။ လုပ်ငန်းကော်မတီများသည် အလုပ်အမှုဆောင်အဖွဲ့မှတစ်ဆင့် ကောင်စီကို တာဝန်ခံရမည်။

## အခန်း (၅)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၅။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်း ပြည်ပရှိ ပုဂ္ဂလိကတက္ကသိုလ်နှင့် ကောလိပ်တစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လိုအပ်သည့်အရည်အချင်းများသတ်မှတ်ခြင်း၊ သတ်မှတ်သည့် အရည်အချင်းပြည့်မီရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းစစ်ဆေးခြင်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ပြုသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများ သတ်မှတ်ခြင်း၊ လိုက်နာရမည့်တာဝန်နှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ) ဘူမိသိပ္ပံပညာရှင်များ လိုက်နာရမည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊

(င) မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်း ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(စ) ဘူမိသိပ္ပံပညာရှင်များ၏ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်သိက္ခာမြင့်မားလာရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဆ) အရည်အသွေးနှင့် အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန်အလို့ငှာ ဘူမိသိပ္ပံပညာရပ်များဆိုင်ရာ စံချိန်စံညွှန်း၊ လုပ်ငန်းဆိုင်ရာအခြေခံစံနှုန်းနှင့် ကျင့်ထုံးများကို တာဝန်ခံဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အကူအညီရယူရေးဆွဲပြဋ္ဌာန်းခြင်း၊

(ဇ) နိုင်ငံတော်အစိုးရ၏ တောင်းဆိုချက်အရ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းဌာနအဖွဲ့အစည်းများက ဆောင်ရွက်နေသော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများကို လိုအပ်သလို စိစစ်ကြီးကြပ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဘူမိသိပ္ပံပညာရပ်များ၊ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာတွေ့လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ညီလာခံများကို အခါအားလျော်စွာ ကြီးမှူးကျင်းပပေးခြင်း၊

(ည) သင့်တော်သည့် နိုင်ငံသားဘူမိသိပ္ပံပညာရှင်များကို ရွေးချယ်၍ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ကျင်းပပြုလုပ်သော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာသင်တန်းများ၊ အစည်းအဝေးများနှင့် ညီလာခံများသို့ နိုင်ငံကိုယ်စားပြု ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ရယူပြီး သင့်တော်သည့် နိုင်ငံသားဘူမိသိပ္ပံပညာရှင်များအား နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်စေလွှတ်ခြင်း၊ ပြည်တွင်းပညာတော်သင်ဆုများ ရွေးချယ်ပေးအပ်ခြင်း၊

(ဌ) ဘူမိသိပ္ပံပညာဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းကိရိယာ တန်ဆာပလာများနှင့် တပ်ဆင်သုံးစွဲခြင်းနှင့် စပ်လျဉ်းသည့် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်နှင့် ကျင့်ထုံးများ သတ်မှတ်ခြင်း၊ စိစစ်ကြပ်မတ်စစ်ဆေးခြင်း၊

(ဍ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီကတာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များ၏ လစာစရိတ်နှင့် ချီးမြှင့်ငွေများအား သတ်မှတ် ခံစားခွင့်ပြုခြင်း၊

(ဎ) ကောင်စီသည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အစီရင်ခံစာနှင့် အကြံပြုချက်များကို တင်ပြခြင်း၊

(ဏ) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(တ) နိုင်ငံတကာရှိ အလားတူ အုပ်ချုပ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်း၍ အဆင့်တူမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၁၆။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီသည် လိုအပ်ချက်များနှင့်အညီ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် သင့်လျော်သည့် ပြင်ပပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးခြင်း၊

(ခ) လုပ်ငန်းကော်မတီများ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံပြီး စိစစ်သုံးသပ်၍ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ပြစ်ဒဏ်ချမှတ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများအား လိုအပ်သော ကူညီပံ့ပိုးမှုများပေးခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ကာလကန့်သတ်ချက်ဖြင့် ရုပ်သိမ်းခြင်း၊ အပြီးအပိုင်ပယ်ဖျက်ခြင်း၊ ပိတ်သိမ်းခြင်းနှင့် စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(င) မှတ်ပုံတင်လက်မှတ်များကို သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအစိုးရ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကောင်စီ၏ ရုံးအဖွဲ့ဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း၊

(ဈ) ကောင်စီဝင်တစ်ဦးဦးသည် ကောင်စီပိုင်အမှတ်တံဆိပ်ကို ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ ကိုယ်ကျိုးအတွက် အသုံးပြုလျှင် ထိုကောင်စီဝင်ကို နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်အဖြစ်မှ ရပ်စဲနိုင်ခြင်း။

၁၇။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ တာဝန်လွှဲအပ်ပေးနိုင်သည်။

၁၈။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သောရုံးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ လိုအပ်ပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မှတ်ပုံတင်အရာရှိ ဦးဆောင်သည့် ရုံးအဖွဲ့ခွဲများကို သင့်လျော်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း (၆)

## နိုင်ငံ့ဝန်ထမ်းမဟုတ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များ၏ ရပိုင်ခွင့်များ

၁၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီကတာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များသည် အောက်ပါတို့ကို ခံစားခွင့်ရှိသည် -

(က) ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေ၊ ဥဏ်ပူဇော်ခနှင့် အခြားခံစားခွင့်များ၊

(ခ) ကောင်စီက ပေးအပ်သောတာဝန်ဖြင့် ခရီးများသွားလာရပါက အမှန်တကယ်ကုန်ကျသည့်ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်၊

(ဂ) ကောင်စီ၏တာဝန်ပေးချက်အရ ပြည်တွင်း ပြည်ပ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သုတေသနစာတမ်းဖတ်ပွဲများ၊ သင်တန်းနှင့် လေ့လာရေးခရီးများ အစရှိသည့် ခရီးများသွားရောက်ရပါက အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်နှင့် ချီးမြှင့်ငွေများ။

## အခန်း (၇)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၂၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲနိုင်သည် -

(က) မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်တောင်းခံခြင်း၊

( ခ ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင်အစည်းအဝေးများ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ် ပျက်ကွက်ခြင်း၊

( ဂ ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီနှင့် အကြောင်းမဲ့ တစ်နှစ်နှင့်အထက် ကင်းကွာခြင်း၊

(ဃ) ကောင်စီက ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးကို ကာလအကန့်အသတ်နှင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် အပြီးအပိုင်ပယ်ဖျက်ခံရခြင်း၊

( င ) ကောင်စီကပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

( စ ) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဆ) စိတ်ပိုင်းဆိုင်ရာရောဂါစွဲကပ်ခြင်း သို့မဟုတ် ကိုယ်အင်္ဂါပျက်ယွင်းခြင်း သို့မဟုတ် အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

( ဇ ) ကောင်စီမှပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မှုမရှိခြင်း၊

(ဈ) ကွယ်လွန်ခြင်း။

## အခန်း (၈)
## အစည်းအဝေးများကျင်းပခြင်း

၂၁။ ကောင်စီအစည်းအဝေးများကို အောက်ပါအတိုင်းကျင်းပရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ လိုအပ်ပါက နာယကအဖွဲ့၏သဘောတူညီချက်ဖြင့် အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

( ခ ) ကောင်စီအဖွဲ့ဝင်အားလုံး၏ အနည်းဆုံး လေးပုံတစ်ပုံသော ကောင်စီဝင်များက စာဖြင့်ရေးသား တောင်းဆိုလျှင် ကောင်စီသည် နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးအစည်းအဝေးခေါ်ယူ ကျင်းပရမည်။

( ဂ ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် အနည်းဆုံး ခြောက်ကြိမ်ထက်မနည်း ကျင်းပပြုလုပ်ရမည်၊ လိုအပ်ပါက အလုပ်အမှုဆောင်အဖွဲ့၏ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် မိမိ၏ဆောင်ရွက်ချက်များကို အနီးကပ်ဆုံးကျင်းပပြုလုပ်သည့် ကောင်စီအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၂၃။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ ခြောက်လတစ်ကြိမ်တင်ပြရမည်။ အထူးကိစ္စရပ်များရှိပါက အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

## အခန်း (၉)
## အလုပ်သင်ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၄။ ပြည်တွင်း ပြည်ပရှိ အစိုးရအသိအမှတ်ပြု တက္ကသိုလ်ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ရရှိထားသူ နိုင်ငံသားသည် ဘူမိသိပ္ပံပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုပါက

အလုပ်သင် ဘူမိသိပ္ပံပညာရှင်မှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ အသိပေး တင်ပြရမည်။

၂၅။ ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အလုပ်သင် ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်းနှင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၁၀)
## မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၆။ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသည့် အလုပ်သင် ဘူမိသိပ္ပံပညာရှင် မှတ်ပုံတင်လက်မှတ် ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်သည် ဤဥပဒေပါ သတ်မှတ်ချက်များနှင့် ပြည့်မီခြင်း ရှိ မရှိ စိစစ်ပြီး ပြည့်မီပါက လျှောက်ထားသူအား မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၈။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသည့် လျှောက်ထားချက်အပေါ် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၁)
## မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၉။ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင် လက်မှတ်ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၀။ ပုဒ်မ ၂၉ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်း ရှိ မရှိ စိစစ်ပြီး ပြည့်မီပါက လျှောက်ထားသူအား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကို ထုတ်ပေးရမည်။

၃၁။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသည့် လျှောက်ထားချက်အပေါ် မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ် ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## နိုင်ငံခြားသားမှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်နှင့် နိုင်ငံခြားသားမှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်များ လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၃၂။ မြန်မာနိုင်ငံတွင် တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ရှိသော နိုင်ငံခြားသား ဘူမိသိပ္ပံပညာရှင်သည် မြန်မာနိုင်ငံအတွင်း ဘူမိသိပ္ပံဆိုင်ရာ လုပ်ငန်းတစ်ရပ်တွင် တာဝန်ခံပညာရှင်အဖြစ်လုပ်ကိုင်လိုပါက နိုင်ငံခြားသားမှတ်ပုံတင်ဘူမိသိပ္ပံပညာရှင် လက်မှတ်ကိုဖြစ်စေ သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင် လက်မှတ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၃။ ပုဒ်မ ၃၂ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ချက်များနှင့် ပြည့်မီခြင်း ရှိ မရှိ စိစစ်ပြီး ပြည့်မီပါက လျှောက်ထားသူ နိုင်ငံခြားသား၏အရည်အချင်းနှင့် ကိုက်ညီသည့် နိုင်ငံခြားသားမှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ သို့မဟုတ် နိုင်ငံခြားသား

မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ လျှောက်ထားသူ နိုင်ငံခြားသားဘူမိသိပ္ပံပညာရှင်အား ထုတ်ပေးရမည်။

၃၄။ ဤဥပဒေပါ အခန်း (၉)၊ အခန်း (၁၀)၊ အခန်း (၁၁) နှင့် အခန်း (၁၂) ပါ မှတ်ပုံတင်လက်မှတ်များ၏ သက်တမ်းသည် သုံးနှစ် ဖြစ်သည်။

၃၅။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသည့် လျှောက်ထားချက်အပေါ် နိုင်ငံခြားသား မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၁၃)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၆။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေအရ သတ်မှတ်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

(ခ) ကောင်စီက ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အခြားအထွေထွေ ဝန်ဆောင်ခများကို ပေးဆောင်ရမည်။

(ဃ) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် ခွင့်ပြုထားသည့် ဘူမိသိပ္ပံပညာရှင်ဆိုင်ရာလုပ်ငန်းရပ်များကို တရားဝင် အခကြေးငွေရယူ၍ ဆောင်ရွက်ပိုင်ခွင့် ရှိသည်။

(င) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

(စ) စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက ကောင်စီသို့ အယူခံဝင်ပိုင်ခွင့် ရှိသည်။

(ဆ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့တင်ပြ၊ တိုင်ကြားပိုင်ခွင့်နှင့် အကြံဉာဏ်ပေးပိုင်ခွင့်ရှိသည်။ ထို့ပြင် ကောင်စီထံမှ အကြံဉာဏ်ကိုလည်း တောင်းခံရယူပိုင်ခွင့်ရှိသည်။

၃၇။ မှတ်ပုံတင်လက်မှတ်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၆၀ အလိုနှင့် သက်တမ်းကုန်ဆုံးပြီး ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်ရမည်။

## အခန်း (၁၄)
## စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၈။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၃၇ ပါ တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သောဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို အပြီးအပိုင် ပယ်ဖျက်ခြင်း။

## အခန်း (၁၅)
## အယူခံဝင်ခြင်း

၃၉။ အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရသူသည် ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၄၀။ ပုဒ်မ ၃၉ အရ အယူခံလျှောက်ထားလာလျှင် ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၄၁။ ပုဒ်မ ၄၀ အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း (၁၆)
## ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း

၄၂။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါ ရန်ပုံငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်သည် -

(က) တာဝန်ခံဝန်ကြီးဌာနက ခွဲဝေချထားပေးသော ဘဏ္ဍာငွေကြေး၊

(ခ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး၊ ဒဏ်ကြေး၊ စာမေးပွဲကြေးနှင့် အခြားအထွေထွေဝန်ဆောင်မှုများမှ ကောက်ခံရရှိငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစေတနာရှင်များက ကောင်စီသို့လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဃ) ရန်ပုံငွေမှ တရားဝင် တိုးပွားငွေများ။

၄၃။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

၄၄။ ကောင်စီသည် ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့၊ ရုံးအဖွဲ့နှင့် လုပ်ငန်းကော်မတီတို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၄၅။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိပိုင် ရန်ပုံငွေဖြင့် လုံလောက်မှုမရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၄၆။ ရုံးခန်း၊ သင်တန်းခန်းမ၊ စာမေးပွဲခန်းမ၊ အစည်းအဝေးခန်းမနှင့် စာကြည့်တိုက် စသည်တို့ပါဝင်သည့် ကောင်စီရုံးအဆောက်အအုံအတွက်ဖြစ်စေ၊ နောင်တွင် ပေါ်ပေါက်လာမည့် နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရပ်သင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအတွက်ဖြစ်စေ လိုအပ်သောမြေနှင့် တည်ဆောက်မည့် အဆောက်အအုံတို့၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွဲဝေထောက်ပံ့ပေးနိုင်ရန် တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၁၇)
## တားမြစ်ချက်များ

၄၇။ မည်သူမျှ ဤဥပဒေအရ ကောင်စီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးကို ရယူထားခြင်း မရှိဘဲ မည်သည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်ကိုမျှ တာဝန်ခံလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။ အဆိုပါကိစ္စရပ်သည် အစိုးရဌာနများ၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် မသက်ဆိုင်စေရ။

၄၈။ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ လုပ်ငန်းကိစ္စများ ဆောင်ရွက်နေသော ပုဂ္ဂလိကနှင့် အများပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ဤဥပဒေအရ ကောင်စီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ရရှိထားခြင်း မရှိသော မည်သည့်ဘူမိသိပ္ပံပညာရှင်ကိုမျှ မိမိတို့၏ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများတွင် တာဝန်ခံ အဖြစ် ခန့်အပ်တာဝန်ပေးခြင်း မပြုရ။

၄၉။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို -

(က) မိမိရရှိသည့် မှတ်ပုံတင်လက်မှတ်တွင် ခွင့်ပြုထားသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းကိစ္စရပ် များထက် ပိုမိုကျော်လွန်လုပ်ဆောင်ခြင်း မပြုရ၊

(ခ) မိမိအား ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်းမပြုရ၊

(ဂ) သက်တမ်းကုန်ဆုံးနေသော မှတ်ပုံတင်လက်မှတ်ဖြင့် မည်သည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်း ကိစ္စရပ်များကိုမျှ ဆောင်ရွက်ခြင်းမပြုရ၊

(ဃ) မှတ်ပုံတင်လက်မှတ်ဆိုင်ရာ သတ်မှတ်ကျင့်ဝတ်နှင့် စည်းကမ်းများကို ဖောက်ဖျက်ခြင်းမပြုရ။

၅၀။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို မိမိရရှိသည့် အဆင့်အတန်းနှင့် မလျော်ညီမသက်ဆိုင်သော အခေါ်အဝေါ်စကားရပ်များကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

၅၁။ ကောင်စီက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ရုပ်သိမ်း၊ ပယ်ဖျက်ခြင်းခံရသည့် မှတ်ပုံတင် လက်မှတ်ကို ရုပ်သိမ်း၊ ပယ်ဖျက်ကြောင်း ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း (၁၈)
## ပြစ်ဒဏ်များ

၅၂။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၅။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၆။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

## အခန်း (၁၉)
## အထွေထွေ

၅၇။ ဤဥပဒေမပြဋ္ဌာန်းမီက ပြည်တွင်း ပြည်ပ အစိုးရအသိအမှတ်ပြု တက္ကသိုလ်၊ ကောလိပ်တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ရရှိထားသူ သို့မဟုတ် ဘွဲ့ရရှိပြီး အစိုးရ သို့မဟုတ် အစိုးရ မဟုတ်သော လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်ရပ်တွင် ဝန်ထမ်းအဖြစ်လည်းကောင်း တစ်သီးပုဂ္ဂလအဖြစ် လည်းကောင်း၊ ဘူမိသိပ္ပံပညာရှင်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် လက်ရှိလုပ်ကိုင် ဆောင်ရွက် နေဆဲ နိုင်ငံသားများ၊ ပြည်တွင်းတွင် လုပ်ကိုင်နေသူ နိုင်ငံခြားသားများက မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို

လျှောက်ထားလာပါက ဤဥပဒေနှင့်အညီ စိစစ်ပြီး လျှောက်ထားသူ၏ အရည်အချင်းနှင့်ကိုက်ညီသည့် မှတ်ပုံတင်လက်မှတ်ကို ကောင်စီက ထုတ်ပေးနိုင်သည်။

၅၈။ လက်ရှိ တာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့ဝန်ထမ်းဘူမိသိပ္ပံပညာရှင်များသည် မိမိ၏အရည်အချင်းနှင့် လျော်ညီသည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို မိမိသဘောဆန္ဒအလျောက်ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၅၉။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်နှင့် ကောင်စီပိုင်တံဆိပ်တစ်ခုရှိသော တရားဝင် ရပ်တည်သည့်အဖွဲ့ဖြစ်သည်။ ကောင်စီသည် တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။

၆၀။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်မှုအတွက် ကောင်စီဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

၆၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ပါက တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၆၂။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက ခန့်အပ်တာဝန်ပေးသည့် ပြင်ပပုဂ္ဂိုလ်များသည် ဤဥပဒေအရ လုပ်ငန်းတာဝန် ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၃။ မှတ်ပုံတင်လက်မှတ် ရရှိသူမည်သူမဆို ဤဥပဒေပါ ပြစ်ဒဏ်တစ်မျိုးမျိုး ချမှတ်ခြင်းခံရပါက ကောင်စီသည် ထိုသူအား ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်ကို နှစ်အကန့်အသတ်ဖြင့် ပိတ်သိမ်းနိုင်သည်။

၆၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ အမိန့်များနှင့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ၏နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) **ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်းဖြစ်သည်။"

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၉၁ နှင့် ၂၉၂ တို့တွင်ဖော်ပြထားသော နိုင်ငံ့ဝန်ထမ်းများမှအပ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးရှိ နိုင်ငံ့ဝန်ထမ်းအားလုံးနှင့် သက်ဆိုင်စေရမည်။"

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ဝန်ထမ်းရေးရာ ကိစ္စရပ်များကို သုတေသန ပြုလုပ်ခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ၏နောက်တွင် ပုဒ်မခွဲ (ဃ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ-၁) ဝန်ထမ်းများ၏ ဝန်ဆောင်မှုအပေါ် ပြည်သူများ၏ သဘောထားအမြင်များကို စစ်တမ်းကောက်ယူပြီး သုတေသနပြုလုပ်ခြင်း၊"

(ဂ) ပုဒ်မခွဲ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြန်ကြားခြင်း၊

(ဆ) ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းခြင်း၊ နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြခြင်း၊"

(ဃ) ပုဒ်မခွဲ (ဆ) ၏နောက်တွင် ပုဒ်မခွဲ (ဆ-၁) မှ (ဆ-၃) အထိ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ-၁) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးအား ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့လိုသည့် ကိစ္စရပ်များအတွက် ညှိနှိုင်းလာမှုအပေါ် ထိုအရာရှိ၏ လုပ်ငန်းအတွေ့အကြုံသည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့်ဌာန၏ လုပ်ငန်းသဘာဝနှင့် ကိုက်ညီမှု ရှိ မရှိ အပါအဝင် အခြားလိုအပ်သည့် စိစစ်မှုများပြုလုပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ဆ-၂) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲတင်ပြခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံအကြံပြုတင်ပြခြင်း၊

(ဆ-၃) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်း ရာထူးအုပ်စုများအလိုက် ကျွမ်းကျင်မှုမူဘောင်များနှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်များ ရေးဆွဲနိုင်ရေး အထောက်အကူပြုပံ့ပိုးကူညီဆောင်ရွက်ခြင်း၊"

(င) ပုဒ်မခွဲ (ဇ) နှင့် (ဈ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေး ကိစ္စများနှင့်စပ်လျဉ်း၍ စိစစ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက မိမိတို့တာဝန်ယူ အကောင်အထည်ဖော်ရသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ လိုအပ်သော နယ်ဘက်ဝန်ထမ်းများအား ခန့်အပ်ခြင်းတို့ပြုရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကြိုတင်ညှိနှိုင်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖွဲ့စည်းခန့်အပ်နိုင်ရန် ဆောင်ရွက်ခြင်း၊"

၅။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေတွင် -

(က) ပုဒ်မ ၉ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ ဝန်ထမ်းများအား ခန့်ထားရေးနှင့် ရာထူးအဆင့်တိုးမြှင့်ရေးတို့အတွက် ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -"

(ခ) ပုဒ်မခွဲ (ခ) မှ (စ) အထိ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အဖွဲ့ကသာ ရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိ ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ရွေးချယ်ရန် သတ်မှတ်ခြင်း၊

(ဂ) အဖွဲ့ကသာ ရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိ ဝန်ထမ်းများကိုရွေးချယ်ရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်စေရန် လွှဲအပ်ခြင်း၊

(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဇ) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဈ) ပါ ဝန်ထမ်းများ ခန့်အပ်လိုသည့်ကိစ္စများတွင် အဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ဆောင်ရွက်စေခြင်း၊

(င) ထူးခြားသည့် အခြေအနေတစ်ရပ်ရပ်ကြောင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုခုတွင် မည်သည့်အဆင့်ဝန်ထမ်းကိုမဆို ခန့်အပ်ရန် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(စ) ပြန်တမ်းဝင်အရာရှိအဆင့်သို့ တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ထောက်ခံလာသောကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း။"

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၁၀ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးက ယင်းတို့၏ ဝန်ထမ်းများအတွက် ဖွင့်လှစ်သင်ကြားသည့် ဌာနဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ၏နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ ရာထူးနေရာများတွင် စွမ်းဆောင်ရည်ရှိသူများကို ထိုက်တန်စွာ ရွေးချယ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဝန်ထမ်းအဆင့်အလိုက် ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်း။"

၇။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ အဖွဲ့သည် အဖွဲ့၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီလိုအပ်ပါက ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံမှလည်းကောင်း၊ ကျွမ်းကျင်သူပုဂ္ဂိုလ်များထံမှလည်းကောင်း အကူအညီ တောင်းခံခွင့်ရှိသည်။

၁၃။ အဖွဲ့သည် ဝန်ထမ်းများနှင့်ပတ်သက်သည့် လိုအပ်သောအချက်အလက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံမှ တောင်းခံခွင့်ရှိသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၉)**

**၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်)

အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇၀ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၄ တွင် **ဖြန့်ဝေရမည်** ဆိုသည့် စကားရပ်၏ ရှေ့၌ **ကြိုတင်** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၉။ (က) သဘာပတိသည် -**

**(၁) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့တွင် ဆောင်ရွက်ခြင်းဖြစ်ပါက သဘာပတိတာဝန်မထမ်းဆောင်မီ လွှတ်တော်၏ ရှေ့မှောက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း နောက်ဆက်တွဲ (က) ပါ အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။**

**(၂) လွှတ်တော်သက်တမ်းတစ်ရပ် ကာလအတွင်း ဆောင်ရွက်ခြင်းဖြစ်ပါက သဘာပတိတာဝန် မထမ်းဆောင်မီ လွှတ်တော်၏ရှေ့မှောက်တွင် သဘာပတိအဖြစ် နောက်ဆက်တွဲ (က) ပါအတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။"**

၄။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၆ တွင် ဥက္ကဋ္ဌအဖြစ်မှ ဆိုသည့် စကားရပ်၏နောက်တွင်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၇ တွင် **ဒုတိယဥက္ကဋ္ဌ အဖြစ်မှ** ဆိုသည့် စကားရပ်၏နောက်တွင်လည်းကောင်း၊ **လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ဂ) တွင် **ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်** ဆိုသည့် စကားရပ်၏နောက်တွင် **သို့မဟုတ် လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၇။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ပ) တွင် ပါရှိသော **"သို့မဟုတ် ပြစ်တင်ရှုတ်ချခြင်း"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ဗ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဘ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၁၉။ (ဘ) လစ်လပ်သွားသော ဒုတိယဥက္ကဋ္ဌနေရာအတွက် ဥက္ကဋ္ဌက သဘာပတိတာဝန် ထမ်းဆောင်၍ ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်းကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။"**

၉။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၃။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပသောနေ့ရက်များတွင် အစည်းအဝေး တက်ရောက်ကြောင်း မှတ်ပုံတင်စာအုပ်တွင် အစည်းအဝေးမစတင်မီ အနည်းဆုံး ၁၅ မိနစ်ကြိုတင်၍ လက်မှတ်ရေးထိုးရမည်။ ခွင့်ပန်ကြားလိုသော ကိုယ်စားလှယ်၏ ခွင့်ပန်ကြားစာကိုလည်း အစည်းအဝေး မစတင်မီ အနည်းဆုံး ၁၅ မိနစ် ကြိုတင်ပေးအပ်ရမည်။"**

၁၀။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၈ တွင် **အစည်းအဝေး ပြီးဆုံးသည့်နေ့မှ** ဆိုသည့် စကားရပ်၏နောက်တွင် **စ၍ ရုံးပိတ်ရက်မပါ** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁) ကို ပယ်ဖျက်ရမည်။

၁၂။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၅၉၊ နည်းဥပဒေခွဲ (ဌ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဍ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(ဍ) မြန်မာစာသဒ္ဒါရေးထုံးနှင့်သော်လည်းကောင်း၊ ဥပဒေရေးထုံးနှင့်သော်လည်းကောင်း ညီညွတ်မှု ရှိ မရှိ။"**

၁၃။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၃၊ နည်းဥပဒေခွဲ (ဂ) တွင် **၇ ရက်အတွင်း** ဆိုသည့် စကားရပ်ကို **၂၁ ရက်အတွင်း** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၈၄ ၏ ခြေဆင်းတွင် **တင်ပြရန်** ဆိုသည့် စကားရပ်ကို **လက်ခံစဉ်းစားပေးပါရန်တင်ပြ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၈၄၊ နည်းဥပဒေခွဲ (က) တွင် **ခွင့်ပြုရန်** ဆိုသည့် စကားရပ်ကို **လက်ခံစဉ်းစားပေးပါရန်** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၈၇၊ နည်းဥပဒေခွဲ (င) ၏ နောက်တွင် နည်းဥပဒေခွဲ (စ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၈၇။ (စ) ကော်မတီသည် လွှတ်တော်၏ နေ့စဉ်အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ မေးမြန်း ဆွေးနွေးမည့် ကိုယ်စားလှယ်များနှင့် ချိတ်ဆက်၍ နေ့စဉ် အစည်းအဝေး အစီအစဉ်များကို လျာထားသတ်မှတ်ခြင်း။"**

၁၇။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၀၀၊ နည်းဥပဒေခွဲ (င) တွင် **ကြားဖြတ်အစီရင်ခံစာ** ဆိုသည့် စကားရပ်၏နောက်တွင် **ကို အစီရင်ခံစာတင်ပြသည့်နည်းလမ်းအတိုင်း** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၈။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၀၊ နည်းဥပဒေခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော် အစည်းအဝေးတစ်ရပ်အတွင်း ကြယ်ပွင့်ပြထားသော **မေးခွန်း ၁၀ ခု** ထက်ပို၍ မေးမြန်းခြင်း မပြုရ။ **ယင်းအရေအတွက်သည် နောင်လွှတ်တော်အစည်းအဝေး၌ ထည့်သွင်းရေတွက်ခြင်း မပြုရ။"**

၁၉။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၄၊ နည်းဥပဒေခွဲ (ဃ) ၏ နောက်တွင် နည်းဥပဒေခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"( င ) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က ကြယ်ပွင့်အမှတ်အသား ပြထားသော မေးခွန်းမေးမြန်းသည့် အချိန်တွင်မရှိလျှင် ၎င်းကစာဖြင့်လွှဲအပ်ခြင်းခံရသည့် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ မေးခွန်းကို မေးမြန်းနိုင်သည်။"**

၂၀။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ (ခ) တွင် **ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင်သာ** ဆိုသည့်စကားရပ်ကို **ဥက္ကဋ္ဌက သတ်မှတ်သည့်နောက်နေ့များ တွင်သာ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ (ဂ) တွင် **အချက်များမှအပ အခြားပြင်ဆင်ချက်များကို တင်သွင်းခြင်းမပြုရ** ဆိုသည့်စကားရပ်ကို **အချက်များကိုသာ တင်သွင်းရမည်** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၂၀၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၂၀၆။ နည်းဥပဒေ ၂၀၄ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် -**

**(က) လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောတူညီပါက နည်းဥပဒေ ၁၉၄ သို့မဟုတ် နည်းဥပဒေ ၁၉၆ နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။**

**( ခ ) လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲပါက နည်းဥပဒေ ၁၉၇ သို့မဟုတ် နည်းဥပဒေ ၁၉၉ တို့အရ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။"**

၂၃။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် ဖော်ပြထားသည့် **"အမျိုးသားလွှတ်တော်ရုံး"** ဆိုသည့် စကားရပ်ကို **"လွှတ်တော်ရုံး"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးအောင်ထွဏ်းမြင့် **အစား** ဦးကိုကို အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

### အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ သူရိယလမ်းနှင့် မြတ်လေးရုံလမ်းထောင့်၊ အမှတ် (ဒ/၃၂၂၀၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၄) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနေရာ၌ ဦးမောင်မောင် **အစား** ဦးနန်ဒူ အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၇၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် သုံးဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် သုံးဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးကံသိန်း | **အစား** | ဦးကြင်စိန် |
| (၂) | အဖွဲ့ဝင် (၃) | နေရာတွင် | ဦးရဲဝင်း | **အစား** | ဒေါ်ခင်ခင်ကြည် |
| (၃) | အဖွဲ့ဝင် (၄) | နေရာတွင် | ဦးတင်ထွန်း | **အစား** | ဦးအောင်ငြိမ်း |
| (၄) | အဖွဲ့ဝင် (၅) | နေရာတွင် | ဒေါ်ဖြူဖြူ | **အစား** | ဒေါ်တင်တင်ညို |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၇၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၄) နေရာ၌ ဦးမင်းလွင် **အစား** ဦးတင်ရှိန် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၇၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနေရာ၌ ဦးသောင်းစိန် **အစား** ဦးမင်းလွင် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့် အား ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

အေးသာအောင်
ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၁၁) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရဲ ၁၆၉၀ ယာယီရဲမှူးကြီး သက်နောင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ၂၈-၄-၂၀၁၉

(ခ) ရဲ ၂၀၆၄ ယာယီရဲမှူးကြီး လှစိန် အမှတ် (၁၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ ၂-၅-၂၀၁၉

(ဂ) ရဲ ၁၆၈၅ ယာယီရဲမှူးကြီး မျိုးမင်း လေကြောင်းရဲတပ်ဖွဲ့ ၂၉-၄-၂၀၁၉

(ဃ) ရဲ ၁၇၃၃ ယာယီရဲမှူးကြီး ဝင်းသိန်း အမှတ် (၃) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲ ၂၇-၄-၂၀၁၉

(င) ရဲ ၁၈၂၉ ယာယီရဲမှူးကြီး လှမင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ၂၇-၄-၂၀၁၉

(စ) ရဲ ၁၈၁၉ ယာယီရဲမှူးကြီး မောင်မောင်တင် ၂၇-၄-၂၀၁၉
ရဲထောက်ပံ့ရေးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(ဆ) ရဲ ၂၀၇၅ ယာယီရဲမှူးကြီး ကျော်ထွန်း ၂၇-၄-၂၀၁၉
ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့

(ဇ) ရဲ ၁၉၂၆ ယာယီရဲမှူးကြီး မျိုးဇော်နိုင် ၂၆-၄-၂၀၁၉
ရေကြောင်းရဲတပ်ဖွဲ့

(ဈ) ရဲ ၃၇၆၂ ယာယီရဲမှူးကြီး အောင်ဇော်မိုး ၂၆-၄-၂၀၁၉
ရေကြောင်းရဲတပ်ဖွဲ့

(ည) ရဲ ၃၇၆၃ ယာယီရဲမှူးကြီး ခွန်မျိုးမြရှိန် ၂၆-၄-၂၀၁၉
ရေကြောင်းရဲတပ်ဖွဲ့

(ဋ) ရဲ ၁၉၃၀ ယာယီရဲမှူးကြီး ထူးအောင် ၂၈-၄-၂၀၁၉
လေကြောင်းရဲတပ်ဖွဲ့

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၅/ ၂၀၁၉)

မီးသတ်ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ (မ ၀၄၆၉) ညွှန်ကြားရေးမှူး ဦးသောင်းထိုက် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၁/ ၂၀၁၉)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၀) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၇၂၆) ဦးစီးအရာရှိ ဦးအောင်ဆောက် ၁-၅-၂၀၁၉
တွန်းဇံမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) (မ ၀၇၂၇) ဦးစီးအရာရှိ ဦးသန်းဇော် ၃၀-၄-၂၀၁၉
ကလောမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဂ) (မ ၀၇၂၈) ဦးစီးအရာရှိ ဦးစိုးထွန်းအောင်ဝင်း ၁-၅-၂၀၁၉
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်

(ဃ) (မ ၀၇၂၉) ဦးစီးအရာရှိ ဦးကျော်မျိုး ၁-၅-၂၀၁၉
အမရပူရမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(င) (မ ၀၇၃၁) ဦးစီးအရာရှိ ဦးထက်ဇော်မင်း ၁-၅-၂၀၁၉
အောင်လံမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(စ) (မ ၀၇၃၂) ဦးစီးအရာရှိ ဦးသိန်းဇော် ၁-၅-၂၀၁၉
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်

(ဆ) (မ ၀၇၃၃) ဦးစီးအရာရှိ ဦးဇင်မင်း ၁-၅-၂၀၁၉
တောင်ဥက္ကလာပမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဇ) (မ ၀၇၃၄) ဦးစီးအရာရှိ ဦးမျိုးဇော်သန်း ၁-၅-၂၀၁၉
ရွှေကူမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဈ) (မ ၀၇၃၅) ဦးစီးအရာရှိ ဦးချမ်းဟိန်းလင်း ၁-၅-၂၀၁၉
ဖြူးမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ည) (မ ၀၇၃၆) ဦးစီးအရာရှိ ဦးမျိုးမင်းသူ ၁-၅-၂၀၁၉
ညောင်တုန်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၂/၂၀၁၉)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၀) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၇၃၇) ဦးစီးအရာရှိ ဦးဇော်ငြိမ်းအောင် ၁-၅-၂၀၁၉
ဒလမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) (မ ၀၇၃၈) ဦးစီးအရာရှိ ဦးရဲလင်းပိုင် ၁-၅-၂၀၁၉
ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

(ဂ) (မ ၀၇၃၉) ဦးစီးအရာရှိ ဦးမြင့်သူ ၃၀-၄-၂၀၁၉
ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဃ) (မ ၀၇၄၀) ဦးစီးအရာရှိ ဦးသက်နိုင်ဦး ၁-၅-၂၀၁၉
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်

(င) (မ ၀၇၄၁) ဦးစီးအရာရှိ ဦးယုဒသန် ၃၀-၄-၂၀၁၉
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်

(စ) (မ ၀၇၄၂) ဦးစီးအရာရှိ ဦးထွန်းလင်းအောင် ၁-၅-၂၀၁၉
ဒီပဲယင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဆ) (မ ၀၇၄၃) ဦးစီးအရာရှိ ဦးစိုးသူ ၁-၅-၂၀၁၉
လှိုင်သာယာမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဇ) (မ ၀၇၄၄) ဦးစီးအရာရှိ ဦးဝေယံအောင် ၁-၅-၂၀၁၉
ဘီးလင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဈ) (မ ၀၇၄၅) ဦးစီးအရာရှိ ဦးမျိုးမင်းထက် ၁-၅-၂၀၁၉
ကော့မှူးမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ည) (မ ၀၇၄၆) ဦးစီးအရာရှိ ဦးကျော်စိုးပိုင် ၁-၅-၂၀၁၉
ဖောင်းပြင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၃/၂၀၁၉)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၀) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၇၄၇) ဦးစီးအရာရှိ ဦးဖြိုးညွန့်မောင် ၁-၅-၂၀၁၉
ထီးချိုင့်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) (မ ၀၇၄၈) ဦးစီးအရာရှိ ဦးပြည့်စုံ ၁-၅-၂၀၁၉
မြောက်ဥက္ကလာပမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဂ) (မ ၀၇၄၉) ဦးစီးအရာရှိ ဦးရွှေကျုံးလျှန် ၁-၅-၂၀၁၉
ထန်တလန်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဃ) (မ ၀၇၅၀) ဦးစီးအရာရှိ ဦးဝင်းမင်းထွန်း ၁-၅-၂၀၁၉
ဟုမ္မလင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(င) (မ ၀၇၅၁) ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ၁-၅-၂၀၁၉
လှိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(စ) (မ ၀၇၅၂) ဦးစီးအရာရှိ ဦးစောစိုးစိုးမြင့် ၁-၅-၂၀၁၉
မီးသတ်ဌာနစု၊ စက်ရုံမော်တော်ယာဉ်ဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဆ) (မ ၀၇၅၃) ဦးစီးအရာရှိ ဦးညီညီထွန်း ၁-၅-၂၀၁၉
တာမွေမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဇ) (မ ၀၇၅၄) ဦးစီးအရာရှိ ဦးဇော်ဌေး ၁-၅-၂၀၁၉
ကျောက်ပန်းတောင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဈ) (မ ၀၇၅၅) ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင် ၁-၅-၂၀၁၉
မန်စီမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ည) (မ ၀၇၅၆) ဦးစီးအရာရှိ ဦးသိန်းမြင့်ဇော် ၁-၅-၂၀၁၉
ဗဟိုမီးသတ်သင်တန်းကျောင်း

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၄/၂၀၁၉)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၀) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၇၅၇) ဦးစီးအရာရှိ ဦးအောင်ကျော်ဖြိုး ၁-၅-၂၀၁၉
ဘားအံမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) (မ ၀၇၅၈) ဦးစီးအရာရှိ ဦးမျိုးဇေယျာဝေ ၁-၅-၂၀၁၉
ဒက္ခိဏသီရိမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဂ) (မ ၀၇၅၉) ဦးစီးအရာရှိ ဦးကိုကိုနိုင် ၃၀-၄-၂၀၁၉
ကြံခင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဃ) (မ ၀၇၆၀) ဦးစီးအရာရှိ ဦးကျော်ခိုင်စိုး ၁-၅-၂၀၁၉
မှော်ဘီမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(င) (မ ၀၇၆၁) ဦးစီးအရာရှိ ဦးအောင်ကျော်ထွေး ၁-၅-၂၀၁၉
သံဖြူဇရပ်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(စ) (မ ၀၇၆၂) ဦးစီးအရာရှိ ဦးအောင်ဇော်ဦး ၁-၅-၂၀၁၉
ရေဖြူမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဆ) (မ ၀၇၆၃) ဦးစီးအရာရှိ ဦးဇော်ထက် ၁-၅-၂၀၁၉
မိုးညှင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဇ) (မ ၀၇၆၄) ဦးစီးအရာရှိ ဦးထိန်လင်း ၁-၅-၂၀၁၉
မာန်အောင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဈ) (မ ၀၇၆၅) ဦးစီးအရာရှိ ဦးနီဌေး ၁-၅-၂၀၁၉
သံတောင်ကြီးမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ည) (မ ၀၇၆၆) ဦးစီးအရာရှိ ဦးကျော်စွာထွန်း ၃၀-၄-၂၀၁၉
ဝိုင်းမော်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၅/ ၂၀၁၉)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၀) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၇၆၇) ဦးစီးအရာရှိ ဦးအောင်ဖြိုးမင်း ၁-၅-၂၀၁၉
ညောင်ရွှေမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) (မ ၀၇၆၈) ဦးစီးအရာရှိ ဦးသွင်ယုနိုင် ၁-၅-၂၀၁၉
ရွှေပြည်သာမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဂ) (မ ၀၇၆၉) ဦးစီးအရာရှိ ဦးကိုကိုသူ ၃၀-၄-၂၀၁၉
ဟသ်ာတမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဃ) (မ ၀၇၇၀) ဦးစီးအရာရှိ ဦးညွန့်ဝင်းအောင် ၁-၅-၂၀၁၉
မဟာအောင်မြေမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(င) (မ ၀၇၇၁) ဦးစီးအရာရှိ ဦးဇင်ဦးချို ၁-၅-၂၀၁၉
ဘုတ်ပြင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(စ) (မ ၀၇၇၂) ဦးစီးအရာရှိ ဦးဝင်းဗိုလ် ၁-၅-၂၀၁၉
စလင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဆ) (မ ၀၇၇၃) ဦးစီးအရာရှိ ဦးရန်အောင် ၁-၅-၂၀၁၉
ဇဟိုမီးသတ်သင်တန်းကျောင်း

(ဇ) (မ ၀၇၇၄) ဦးစီးအရာရှိ ဦးစောမောင် ၁-၅-၂၀၁၉
ဟိုပုံးမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဈ) (မ ၀၇၇၅) ဦးစီးအရာရှိ ဦးရဲအောင် ၁-၅-၂၀၁၉
မြိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ည) (မ ၀၇၇၆) ဦးစီးအရာရှိ ဦးနိုင်ဝင်းထွန်း ၁-၅-၂၀၁၉
ပင်းတယမြို့နယ်မီးသတ်ဦးစီးမှူးရုံး

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၆/ ၂၀၁၉)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၀) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၇၇၇) ဦးစီးအရာရှိ ဦးညီထွေးဦး ၁-၅-၂၀၁၉
လွိုင်ကော်မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) (မ ၀၇၇၈) ဦးစီးအရာရှိ ဦးထွန်းရွှေခိုင် ၁-၅-၂၀၁၉
မောင်တောမြို့နယ်မီးသတ်ဦးစီးမှူးရုံး

(ဂ) (မ ၀၇၇၉) ဦးစီးအရာရှိ ဦးခင်ဇော်အောင် မင်းတုန်းမြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(ဃ) (မ ၀၇၈၀) ဦးစီးအရာရှိ ဦးမင်းမင်း သာကေတမြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(င) (မ ၀၇၈၁) ဦးစီးအရာရှိ ဦးကျော်မင်းသူ ပေါက်မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(စ) (မ ၀၇၈၂) ဦးစီးအရာရှိ ဦးမြင့်ဝင်းကြိုင် နမ့်စန်မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(ဆ) (မ ၀၇၈၃) ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်း သာစည်မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(ဇ) (မ ၀၇၈၄) ဦးစီးအရာရှိ ဦးလွှမ်းမိုးအောင် ကွတ်ခိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(ဈ) (မ ၀၇၈၅) ဦးစီးအရာရှိ ဦးမိုးဝင်းထွန်း ကျောက်ကြီးမြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(ည) (မ ၀၇၈၆) ဦးစီးအရာရှိ ဦးဆွေလင်းမောင် ဗဟိုမီးသတ်သင်တန်းကျောင်း ၁-၅-၂၀၁၉

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၇/၂၀၁၉)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၇) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (မ ၀၇၈၇) ဦးစီးအရာရှိ ဦးခိုင်စိုးဝင်း မိုင်းဖြတ်မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(ခ) (မ ၀၇၈၈) ဦးစီးအရာရှိ ဦးစိုးမိုးအောင် ဘူးသီးတောင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(ဂ) (မ ၀၇၈၉) ဦးစီးအရာရှိ ဦးဇော်လွင်ဦး သာယာဝတီမြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(ဃ) (မ ၀၇၉၀) ဦးစီးအရာရှိ ဦးဖြိုးကိုကိုမောင် ဆွမ်ပရာဘွမ်မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

(င) (မ ၀၇၉၁) ဦးစီးအရာရှိ ဦးဆန်းဝင်း ဗဟိုမီးသတ်သင်တန်းကျောင်း ၁-၅-၂၀၁၉

(စ) (မ ၀၇၉၂) ဦးစီးအရာရှိ ဦးဇေယျာမင်း ဗဟိုမီးသတ်သင်တန်းကျောင်း ၁-၅-၂၀၁၉

(ဆ) (မ ၀၇၉၃) ဦးစီးအရာရှိ ဦးဝင်းကျော် ပုဗ္ဗသီရိမြို့နယ်မီးသတ်ဦးစီးမှူးရုံး ၁-၅-၂၀၁၉

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၇၄/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း (က) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၀/မယ်ခေါင်တိုက်မြောက်၊ ဦးပိုင်အမှတ်-၁၅၁၊ **မြေဧရိယာ ၀. ၀၇၆ ဧက** အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ **တာချီလိတ်မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၇၅/၂၀၁၉)**

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း (က) မြို့မရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၀/မယ်ခေါင်တိုက်မြောက်၊ ဦးပိုင်အမှတ်-၁၅၂၊ **မြေဧရိယာ ၀. ၀၈၀ ဧက** အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ **တာချီလိတ်မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၇၇/၂၀၁၉)**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၄-ဃ/အစိုးရရပ်၊ ဦးပိုင်အမှတ် (၄)၊ မြေကွက်အမှတ် (၁၀/၁၅၉)၊ **မြေဧရိယာ ၀. ၁၂၂ ဧက** အား စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန၊ **သာစည်မြို့နယ်စာရင်းစစ်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၇၉/၂၀၁၉)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်/အမည်-၁၆၃၈/ပင်လည်ဘူး၊ ဦးပိုင်အမှတ် (၅၁)၊ **မြေဧရိယာ ၂. ၀၅ ဧက** အား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ **မြို့နယ်ပြည်သူ့အားကစားကွင်း (ပင်လည်ဘူး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၂/၂၀၁၉)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့၊ မိုင်းစံကျေးရွာအုပ်စု၊ ကွင်းအမည်-ပြင်ပကွင်း (တပ်စခန်းကုန်းကွင်း)၊ ဦးပိုင်အမှတ် (N1)၊ **မြေဧရိယာ ၅၄၈. ၅၀ ဧက** အား **အမှတ် (၁၅၀) ခြေလျင်တပ်ရင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၈၄/၂၀၁၉)

ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တွန်းဇံမြို့၊ ခေါဝုန်/လေးဆန်ရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၃/သာ့ဟဲပ်၊ ဦးပိုင်အမှတ် (၂၀)၊ **မြေဧရိယာ ၀. ၁၁၀ ဧက** အား အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရှေ့တန်းရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၀/၂၀၁၉)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ရွှေကျင်မြို့၊ ရှမ်းကြေးရပ်ကွက်၊ အကွက်အမှတ်/ အမည်- ၃ (ဃ)/ ဆေးရုံရပ်၊ ဦးပိုင်အမှတ် (၁၃ဃ)၊ မြေကွက်အမှတ် (၉၄) ရှိ **မြေဧရိယာ ၀. ၃၃၉ ဧက** အား **အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရွှေကျင်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန (အားကစားကွင်းနှင့်အားကစားရုံ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၃/၂၀၁၉)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၄၂/ဟသ်ာကုန်းအနောက်အကွက်၊ ဦးပိုင်အမှတ် (၅၄/၂) ရှိ **မြေဧရိယာ ၀. ၈၀၈ ဧက** အား **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကရင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၅/၂၀၁၉)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်၊ ကွင်းအမှတ်/အမည်-၇၀၂/ဝေါဘိုးဘိန်၊ ဦးပိုင်အမှတ် (၁၅/ဌာန) ရှိ **မြေဧရိယာ ၆. ၁၈ ဧက** အား **စက်မှုလယ်ယာဦးစီးဌာန၊ ဝေါမြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ စခန်းရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၇/ ၂၀၁၉)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ အကွက်အမှတ်/အမည်-၇/၄၊ ဥသျှာမြို့သစ်၊ မြေကွက်အမှတ် (၉၈၂-B) ရှိ **မြေဧရိယာ ၀. ၁၈၄ ဧက** အား **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၈/ ၂၀၁၉)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့၊ ရပ်ကွက် (၁) မြို့မ၊ အကွက်အမှတ်/အမည်-၃၀/သဲကုန်းမီးရထားမြို့မြေ၊ ဦးပိုင်အမှတ် (၁၆၈) ရှိ **မြေဧရိယာ ၀. ၀၈၀ ဧက** အား **ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သဲကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၁/ ၂၀၁၉)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၈) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၁၉/မဟာဗောဓိကျောင်းအကွက်၊ ဦးပိုင်အမှတ် (၁၅၃) မှ မြေဧရိယာ (၀. ၀၅၅) ဧက၊ ဦးပိုင်အမှတ် (၁၅၄) မှ မြေဧရိယာ (၀. ၀၅၅) ဧက၊ ဦးပိုင်အမှတ် (၁၅၅) မှ မြေဧရိယာ (၀. ၀၅၅) ဧက၊ ဦးပိုင်အမှတ် (၁၅၆) မှ မြေဧရိယာ (၀. ၀၅၅) ဧက၊ ဦးပိုင်အမှတ် (၁၅၇) မှ မြေဧရိယာ (၀. ၀၅၅) ဧက၊ ဦးပိုင်အမှတ် (၁၅၈) မှ မြေဧရိယာ (၀. ၀၅၀) ဧက၊ ဦးပိုင်အမှတ် (၁၅၉) မှ မြေဧရိယာ (၀. ၀၅၀) ဧကနှင့် ဦးပိုင်အမှတ် (၁၆၀) မှ မြေဧရိယာ (၀. ၀၅၀) ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၄၂၅ ဧက** အား **ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၃/ ၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့၊ အမှတ် (၇) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၅၇၄-က/တောင်ရွာအရှေ့ကွင်း၊ မြေကွက်အမှတ် (၃၂/၄၂၆) ရှိ **မြေဧရိယာ ၀. ၃၄ ဧက** အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ **နွားထိုးကြီးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၄/၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၉/ကူနီကွင်း၊ ဦးပိုင်အမှတ် (F-၁၆)၊ **မြေဧရိယာ ၆. ၁၉၂ ဧက** အား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ **ပြည်သူ့အားကစားကွင်း (ငါန်းဇွန်မြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၅/၂၀၁၉)

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ပိသလိမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-OSS/၂၀၇ B-က/သဲဖြူအနောက်၊ ဦးပိုင်အမှတ်-N-၇၊ **မြေဧရိယာ ၀. ၄၃ ဧက** အား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (သရက်)၊ သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၆/၂၀၁၉)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ကွင်းအမှတ်/အမည်-၃၄/မန္တလေး၊ ဦးပိုင်အမှတ် (၁၈ᵂ) ရှိ **မြေဧရိယာ ၂. ၇၇၁ ဧက** အား **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနစုပေါင်းရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၈/၂၀၁၉)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၄၉/ဥယျာဉ်ကြီးမြောက်ရပ်၊ ဦးပိုင်အမှတ် (၂ᵃ) ရှိ **မြေဧရိယာ ၄. ၉၀၁ ဧက** အား **အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားကွင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၉/၂၀၁၉)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ ချိကယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၆၄/ထေးသမမြောက်၊ ဦးပိုင်အမှတ် (ယာယီ-၁)၊ **မြေဧရိယာ ၁. ၃၀ ဧက** အား ပညာရေးဝန်ကြီးဌာန၊

အဆင့်မြင့်ပညာဦးစီးဌာန၊ **ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပညာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပညာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)

### သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ နေပြည်တော်၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်လွင် (၃) အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) ပြည့်သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

### မြို့နယ် စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၇ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဦးဆောင်အဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ

အမိန့်ကြော်ငြာစာအမှတ် ၄/ ၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **မြို့နယ် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြို့နယ် ဆန်စပါးကုန်သည်များအသင်း | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>မြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဆ) | အတွင်းရေးမှူး<br>မြို့နယ် ဆန်စပါးကုန်သည်များအသင်း | အဖွဲ့ဝင် |
| (ဇ) | ဆန်စပါးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များတွင်ကျွမ်းကျင်မှုရှိ၍<br>အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (စျ) | တောင်သူလယ်သမား ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ည) | တောင်သူလယ်သမား ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဋ) | မြို့နယ်တာဝန်ခံ<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ **မြို့နယ် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့** ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ စီမံချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စပါး၊ ဆန် ဝယ်ယူရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဒေသအလိုက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် တောင်သူလယ်သမားများ တွက်ချေကိုက်သည့် ဈေးနှုန်းကို စိစစ်တွက်ချက်၍ အမှန်ဝယ်ယူသင့်သည့်ဈေးနှုန်းကို ခရိုင် စပါး၊ ဆန် ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊

(ဂ) စပါး၊ ဆန် ဝယ်ယူမည့် နည်းလမ်းသတ်မှတ်ချက်များ၊ ငွေပေးချေရမည့် နည်းလမ်းများအား ထုတ်ပြန်ကြေညာနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊

(ဃ) စပါး၊ ဆန် ဝယ်ယူမည့် နည်းလမ်းသတ်မှတ်ချက်များ၊ ငွေပေးချေရမည့်နည်းလမ်းများအား ထုတ်ပြန်ကြေညာချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ငွေစာရင်းထိန်းသိမ်းခြင်း၊ လချုပ်စာရင်းများရေးဆွဲခြင်း၊ ခြောက်လလျှင် တစ်ကြိမ် စာရင်းရှင်းလင်းခြင်း၊ အရှုံး၊ အမြတ်တွက်ချက်ခြင်းများကို စာရင်းအစစ်ဆေးခံနိုင်သည့် အဆင့်အထိရောက်အောင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) ဝယ်ယူမည့် စပါး၊ ဆန်များ၏ အရည်အသွေး၊ အလေးချိန်တို့အား စနစ်တကျမှတ်တမ်းတင်ထားနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) သိုလှောင်ထားရှိသည့် စပါး၊ ဆန်များ၏ အခြေအနေကို စစ်ဆေးပြီး နမူနာနှင့်တကွ သက်ဆိုင်ရာ ခရိုင် စပါး၊ ဆန် ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့ထံသို့ လစဉ်တင်ပြခြင်း၊

(ဇ) စပါး၊ ဆန်သိုလှောင်ရုံအလိုက် အပတ်စဉ်ပုံမှန်စစ်ဆေးမှုကို ဆောင်ရွက်ပြီး စစ်ဆေးချက်မှတ်တမ်းတွင် မှတ်တမ်းထားရှိနိုင်ရေးကြီးကြပ်ရန်နှင့် ထူးခြားမှုတစ်စုံတစ်ရာရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာခရိုင် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းတင်ပြခြင်း၊

(ဈ) စပါး၊ ဆန်များကို ပထမဝင် ပထမထုတ်စနစ် (F-I-F-O) ဖြင့် ထားရှိထုတ်ပေးနိုင်ရေးအတွက် ဖိုင်မှတ်တမ်း၊ Bin Card စသည့် စာရင်းဇယားမှတ်တမ်းများဖြင့် စနစ်တကျ သိုလှောင်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) စပါး၊ ဆန်များကို ပထမဝင် ပထမထုတ်ပေးသည့်စနစ်အတိုင်း (F-I-F-O) ထုတ်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) စပါး၊ ဆန်များ လျော့နည်းမှုမရှိစေရေးနှင့် လေလွင့်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအလို့ငှာ ကြီးကြပ် ဆောင်ရွက်ခြင်း၊

(ဌ) စပါးဝယ်ယူရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကအသင်းအဖွဲ့များသည် ယခင်ဝယ်ယူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမည်ပျက်ရှိသူများမဖြစ်စေရေးနှင့် ယင်းတို့နှင့်ဆက်စပ် ဆောင်ရွက်နေသူများမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ခြင်း၊

(ဍ) စီမံချက်ပါအတိုင်း အချိန်မီဆောင်ရွက်နိုင်ရေး အသေးစိတ်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဎ) သက်ဆိုင်ရာခရိုင် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

ဒေါက်တာအောင်သူ
အတွင်းရေးမှူး
တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ဆုံးဖြတ်ချက်အရ ကုန်းလမ်းပို့ဆောင်ရေး၊ ငွေစာရင်းဌာနက ဒုတိယအထွေထွေမန်နေဂျာ (စာရင်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးကျော်စန်းဝေ သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အသက် (၆၀) နှစ် ပြည့်မည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ပြဋ္ဌာန်းထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ကစတင်၍ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒုတိယအထွေထွေမန်နေဂျာ (စာရင်း) ဦးကျော်စန်းဝေ အား ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကို အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့၏ နောက်တစ်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ပြဋ္ဌာန်းထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ကန့်သတ်ချက်အတိုင်း ခံစားစေပြီး၊ ယင်းခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ကစ၍ နိုင်ငံ့ဝန်ထမ်း

ဥပဒေပုဒ်မ (၅၆)၊ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပုဒ်မ (၂၃၃) (က) အရ ပြည်သူ့ဝန်ထမ်းအဖြစ်က သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်)

၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာအမျိုးသားလေကြောင်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စက်မှုကျွမ်းကျင် (၁)၊ ဦးရဲကျော်သူ (လရ-၄၄၇၅) ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၃/၂၀၁၉ အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင် အား ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

### ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအဖြစ် သတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်အတွင်းကျရောက်သည့် အကျယ်အဝန်း (၂၆၆၃၄) ဧကနှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်အတွင်းကျရောက်သည့် အကျယ်အဝန်း (၃၆၇၄) ဧက၊ စုစုပေါင်း (၃၀၃၀၈) ဧက၊ (၄၇. ၃၆) စတုရန်းမိုင်ရှိမြေကို သဘာဝဝန်းကျင်နှင့်

ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **လင်းနို့ဂူတောင် ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ** အဖြစ် ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄) ရက်နေ့မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇင်းကြီးဝိုင်း အကွက်အမှတ် (၁၇၆)၊ သော်ကြီးဝိုင်း အကွက်အမှတ် (၁၄၈) နှင့် ဇင်းအပတောတို့ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း-84M-15၊ SM-556016 မှ အရှေ့မြောက်ဘက်သို့ ဇင်းကြီးဝိုင်းနယ်နိမိတ်လမ်းကြောင်းအတိုင်း (၄၅၀) သံကြိုးခန့်လာရာ ဇင်းကြီးဝိုင်း၊ သော်ကြီးဝိုင်း၊ ဂုံဂါးကြီးဝိုင်းတို့ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SM-610052 အထိ၊ ထိုမှအရှေ့ဘက်သို့ ဂုံဂါးကြီးဝိုင်းနယ်နိမိတ်အတိုင်း (၄၅) သံကြိုးခန့်လာရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အား ပိုင်းခြားထားသောနယ်နိမိတ်တောင်ကြော ဂုံဂါးကြီးဝိုင်း အကွက်အမှတ် (၁၈၁၊ ၂၂၉)၊ သော်ကြီးဝိုင်း (၁၃၂၊ ၁၃၅) တို့ဆုံသည့် ကွက်ဆုံနေရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SM-619050 နေရာအထိ၊

အရှေ့ဘက် ။ ။ ထိုမှတောင်ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးနယ်နိမိတ် လမ်းကြောင်းအတိုင်း တောင်ဘက်သို့ (၈၃) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SM-616033 နေရာအထိ၊ ထိုမှ မန္တလေးတိုင်းဒေသကြီးအတွင်း အရှေ့တောင်ဘက်သို့ ဂုံဂါးကြီးဝိုင်းအကွက်အမှတ် (၂၂၉ နှင့် ၂၂၈) တို့၏ အကွက်နယ်နိမိတ်အတိုင်း (၇၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SM-629027 နေရာအထိ၊ ထိုမှ တောင်ဘက်သို့ (၄၂) သံကြိုးခန့်လာရာ ဂုံဂါးကြီးဝိုင်း အကွက်အမှတ် (၂၂၇၊ ၂၂၈၊ ၂၃၀) အကွက်ဆုံ ဘုတ်တိုင် ခန့်မှန်းမြေပုံညွှန်း 84M-15၊ 627018 နေရာအထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂၂) သံကြိုးခန့်လာရာ အကွက်အမှတ် (၂၂၅၊ ၂၂၇၊ ၂၂၈) ကွက်ဆုံဘုတ်တိုင် ခန့်မှန်း မြေပုံညွှန်း 84M-15၊ 624015 နေရာအထိ၊ ထိုမှ အကွက်အမှတ် (၂၂၅၊ ၂၂၇) အကွက် နယ်နိမိတ်အတိုင်း (၁၁၂) သံကြိုးခန့်လာရာ အကွက်အမှတ် (၂၂၄၊ ၂၂၅၊ ၂၂၇၊ ၂၃၁၊ ၂၃၂) ကွက်ဆုံဘုတ်တိုင်၊ လှည်းလမ်းဘေး ခန့်မှန်းမြေပုံညွှန်း 84M-15၊ 630991 နေရာအထိ၊ ထိုမှ တောင်ဘက်သို့ အကွက်အမှတ် (၂၂၄၊ ၂၃၂) အကွက်နယ်နိမိတ်ချောင်းအတိုင်း (၉၁) သံကြိုးခန့်စုန်ဆင်းလာရာ ဘော်ကြီးဝိုင်း၊ အကွက်အမှတ် (၂၂၀) နှင့် ဂုံဂါးကြီးဝိုင်း အကွက်အမှတ် (၂၂၄၊ ၂၂၃) ကွက်ဆုံဘုတ်တိုင် ခန့်မှန်းမြေပုံညွှန်း 84M-15၊ 632975 နေရာအထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဘောကြီးဝိုင်း၊ အကွက်အမှတ် (၂၂၀) နှင့် ဂုံဂါးကြီးဝိုင်း အကွက်အမှတ် (၂၂၄) နယ်နိမိတ်အတိုင်း (၁၂) သံကြိုးခန့်လာရာ ဘောကြီးဝိုင်း၊ အကွက်အမှတ် (၂၂၀) နှင့် ဂုံဂါးကြီးဝိုင်း၊ အကွက်အမှတ် (၂၂၁၊ ၂၂၃) ကွက်ဆုံဘုတ်တိုင် ခန့်မှန်းမြေပုံညွှန်း 84M-15၊ 629974 နေရာအထိ၊ ထိုမှ ဘောကြီးဝိုင်းနှင့် ဂုံဂါးကြီးဝိုင်းနယ်နိမိတ်အတိုင်း တောင်ဘက်သို့ (၁၃၃) သံကြိုးခန့်လာရာ သပိတ်ကျင်း မြို့နယ်နှင့် ကန့်ဘလူမြို့နယ် နယ်နိမိတ် ဘောကြီးဝိုင်းနှင့် ဂုံဂါးကြီးဝိုင်းပိုင်းခြားထားသည့် ခန့်မှန်းမြေပုံညွှန်း 84M-15၊ 623946 နေရာအထိ၊ ထိုမှ တောင်ဘက်သို့ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ နယ်နိမိတ်လမ်းကြောင်းအတိုင်း (၉၀) သံကြိုးခန့် လာရာ ဂုံဂါးကြီးဝိုင်းအကွက်အမှတ် (၂၁၇) နှင့် ဘောကြီးဝိုင်း၊ အကွက်အမှတ် (၂၀၄၊ ၂၀၆၊ ၂၀၈) ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SR-633923 နေရာအထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ဂုံဂါးကြီးဝိုင်းနှင့် ဘောကြီးဝိုင်းနယ်နိမိတ်အတိုင်း (၁၃၅) သံကြိုးခန့် လာရာ ဂုံဂါးကြီးဝိုင်း အကွက်အမှတ် (၂၁၆)၊ ဘောကြီးဝိုင်းအကွက်အမှတ် (၂၀၈) နှင့် မင်းဝံကြီးဝိုင်း၊ အကွက်အမှတ် (၃၃) တို့ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SR-656920 နေရာအထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဘောကြီးဝိုင်းနှင့် မင်းဝံကြီးဝိုင်း တို့ကြားရှိ ကြီးဝိုင်းနယ်နိမိတ်အတိုင်း (၃၅၃) သံကြိုးခန့်လာရာ ဘောကြီးဝိုင်း၊ အကွက်အမှတ် (၂၁၂၊ ၂၁၃) နှင့် မင်းဝံကြီးဝိုင်း အကွက်အမှတ် (၃၇) တို့ဆုံသည့် ကွက်ဆုံနေရာ ခန့်မှန်း မြေပုံညွှန်း 84M-15၊ SR-634856 နေရာအထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ ဘောကြိုးဝိုင်း၊ အကွက်အမှတ် (၂၁၂၊ ၂၁၃) တို့၏ တောင်ဘက်နယ်နိမိတ်အတိုင်း (၁၄၂) သံကြိုးခန့်လာရာ ဇင်းချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SR-609856 နေရာအထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ဘောကြိုးဝိုင်း အကွက်အမှတ် (၁၆၆၊ ၁၆၅၊ ၁၆၄) တို့၏ တောင်ဘက်နယ်နိမိတ်အတိုင်း (၂၂၅) သံကြိုးခန့်လာရာ ဘောချောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SR-561862 နေရာအထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ဘောချောင်းအတိုင်း (၆၅၁) သံကြိုးခန့်ဆန်တက်လာရာ ဘောကြိုးဝိုင်း၊ အကွက်အမှတ် (၁၅၁၊ ၁၅၃) နှင့် ဇင်းကြိုးဝိုင်း အကွက်အမှတ် (၁၇၁) တို့ဆုံသည့် ကွက်ဆုံနေရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SR-540944 နေရာအထိ၊ ထိုမှ ဇင်းကြိုးဝိုင်း အကွက်အမှတ် (၁၇၁) ၏ အနောက်ဘက်နယ်နိမိတ်အတိုင်း မြောက်ဘက်သို့ (၁၈၀) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SR-536970 နေရာအထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ဇင်းကြိုးဝိုင်းနယ်နိမိတ်အတိုင်း (၁၃၅) သံကြိုးခန့်လာရာ ဇင်းကြိုးဝိုင်း အကွက်အမှတ် (၁၇၂၊ ၁၇၃) တို့၏ နယ်နိမိတ်နေရာ ခန့်မှန်းမြေပုံညွှန်း 84M-15၊ SR-557960 အမှတ်အထိ၊ ထိုမှ မြောက်ဘက်သို့ ဇင်းကြိုးဝိုင်းနယ်နိမိတ်အတိုင်း (၂၇၀) သံကြိုးခန့်လာရာ ဇင်းကြိုးဝိုင်းအကွက်အမှတ် (၁၇၆) နှင့် သော်ကြိုးဝိုင်း အကွက်အမှတ် (၁၄၈) တို့ဆုံသည့် ကွက်ဆုံနေရာ မူလစမှတ် ခန့်မှန်းမြေပုံညွှန်း 84M-15၊ SM-556016 နေရာအထိ။

**တားမြစ်ချက်များ**

၂။ လင်းနို့ဂူတောင်ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအဖြစ် တည်ထောင်ရန်ရည်ရွယ်သည့်နယ်မြေအတွင်း အောက်ဖော်ပြပါတားမြစ်ချက်များကိုမပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

(င) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း မည်သည့် သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားအတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့ မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသောနေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအဖြစ် သတ်မှတ်တည်ထောင်မည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကန့်ဘလူမြို့နယ် | ဥက္ကဋ္ဌ |
| (၂) | ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကန့်ဘလူမြို့နယ် | အဖွဲ့ဝင် |
| (၃) | ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ် ဇင်းကျေးရွာ | အဖွဲ့ဝင် |
| (၄) | အုပ်ချုပ်ရေးမှူး၊ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ကန့်ဘလူမြို့နယ် | အတွင်းရေးမှူး |

(ခ) **မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သပိတ်ကျင်းမြို့နယ် | ဥက္ကဋ္ဌ |
| (၂) | ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သပိတ်ကျင်းမြို့နယ် | အဖွဲ့ဝင် |
| (၃) | ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ် ကြာညှပ်ကျေးရွာအုပ်စု | အဖွဲ့ဝင် |
| (၄) | ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ် ခရမ်းစပ်ကုန်းကျေးရွာ | အဖွဲ့ဝင် |
| (၅) | ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စားလှယ် လျှောင်ပြိုကျေးရွာ | အဖွဲ့ဝင် |
| (၆) | အုပ်ချုပ်ရေးမှူး၊ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ သပိတ်ကျင်းမြို့နယ် | အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်**

၄။ ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှု များကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာ ဆောင်ရွက်ရမည် -

(က) လင်းနို့ဂူတောင် ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ် ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေး အဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာ ဆိုင်ခွင့်လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန်ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများစစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကိုပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့် ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကိုချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများ အသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့်စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း လင်းနို့ဂူတောင်ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ ဖွဲ့စည်းမည့်အကြောင်း ဧရိယာအဝင် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၂၁၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ စာရင်းကိုင်-၁ (၄) ဦးတို့အား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) ရာထူးများအဖြစ် အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်ပြီး ကနဦးလစာငွေ ၂၇၅,၀၀၀/ ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (၁) | ဒေါ်ခင်မာလွင် | စာရင်းကိုင် (၁) | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| (၂) | ဦးရွှေဖုန်း | စာရင်းကိုင် (၁) | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| (၃) | ဦးဝင်းဦး | စာရင်းကိုင် (၁) | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| (၄) | ဒေါ်သိန်းသိန်းဦး | စာရင်းကိုင် (၁) | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |

ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်)

**အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများအရ ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်ပြုသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေ ၁၈ အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ မှတ်ပုံတင်ထားသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ၂၇၅၀ ဖွဲ့အား ဖွဲ့စည်းပြီးဖြစ်ပါသည်။

၂။ ယခုအခါ အလုပ်သမားအဖွဲ့အစည်းများကို အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေ ၁၅ (က) (ခ) အရ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်ပြုသည့် အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၆၇၄ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၇ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၄၈ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၂ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ၈ ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၁ ဖွဲ့၊ စုစုပေါင်း ၂၈၈၂ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါသဖြင့် အောက်ပါ ဇယားနှင့်အတူ ထည့်သွင်းဖော်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
မျိုးအောင်၊ အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

**မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာမည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ**

| စဉ် | အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းအမည် | အရေအတွက် |
|---|---|---|
| ၁ | အခြေခံအလုပ်သမားအဖွဲ့အစည်း | ၂၆၇၄ ဖွဲ့ |
| ၂ | အခြေခံအလုပ်ရှင်အဖွဲ့အစည်း | ၂၇ ဖွဲ့ |
| ၃ | မြို့နယ်အလုပ်သမားအဖွဲ့အစည်း | ၁၄၈ ဖွဲ့ |
| ၄ | မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း | ၁ ဖွဲ့ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း | ၂၂ ဖွဲ့ |
| ၆ | အလုပ်သမားအဖွဲ့ချုပ် | ၈ ဖွဲ့ |
| ၇ | အလုပ်ရှင်အဖွဲ့ချုပ် | ၁ ဖွဲ့ |
| ၈ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ | ၁ ဖွဲ့ |
| **စုစုပေါင်း** | | **၂၈၈၂ ဖွဲ့** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါဦးစီးမှူး/ စာရင်းကိုင် (၁)/ ရုံးအုပ် (၈) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်နေ့မှစတင်၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါ်ခင်ဖြူဖြူမြင့်သန်း | ၁၂/ကမန (နိုင်) ၀၆၈၂၉၉ |
| (ခ) | ဒေါက်တာနုနုခိုင် | ၁၂/ဗဟန (နိုင်) ၀၇၉၁၂၄ |
| (ဂ) | ဦးလှမြင့်ဦး | ၉/မထလ (နိုင်) ၀၇၁၅၉၄ |
| (ဃ) | ဒေါ်မာမာစိုး | ၇/သဝတ (နိုင်) ၀၀၇၆၃၆ |
| (င) | ဒေါ်ဇင်မာညိမ်း | ၈/မလန (နိုင်) ၀၅၂၆၀၅ |
| (စ) | ဒေါ်နုနုယဉ် | ၁၂/တမန (နိုင်) ၀၄၇၄၉၂ |
| (ဆ) | ဒေါ်ခင်ညိုညိုလွင် | ၅/အတန (နိုင်) ၀၀၃၆၅၃ |
| (ဇ) | ဒေါ်ကြည်မွေး | ၁၂/သကတ (နိုင်) ၁၁၅၈၅၀ |

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) အစီအစဉ် (၆) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာန၊ ကျိုင်းတုံတက္ကသိုလ်၊ သမိုင်းဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအေးအေးသိန်း အား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/ ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)

**မူးယစ်ဆေးစွဲရောဂါကုဌာနကြီးများ တိုးချဲ့သတ်မှတ်ခြင်း**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ဖော်ပြပါ ပြည်သူ့ဆေးရုံများတွင် မူးယစ်ဆေးစွဲရောဂါကုဌာနကြီး (Major Drug Treatment Center) များကို တိုးချဲ့သတ်မှတ်လိုက်သည် -

(၁) မူးယစ်ဆေးစွဲရောဂါကုဌာန - သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး

(၂) မူးယစ်ဆေးစွဲရောဂါကုဌာန - ခုတင် (၃၀၀) ဆံ့ သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး

(၃) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**အမိန့်ကြော်ငြာစာအမှတ် ၅၃/ ၂၀၁၉**

**မူးယစ်ဆေးစွဲရောဂါကုဌာနငယ်များ တိုးချဲ့သတ်မှတ်ခြင်း**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ဖော်ပြပါ ပြည်သူ့ဆေးရုံများတွင် မူးယစ်ဆေးစွဲရောဂါကုဌာနငယ် (Minor Drug Treatment Center) များကို တိုးချဲ့သတ်မှတ်လိုက်သည် -

(၁) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ မန်စီမြို့၊ ကချင်ပြည်နယ်

(၂) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ ရွှေကူမြို့၊ ကချင်ပြည်နယ်

(၃) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ ချီဖွေမြို့၊ ကချင်ပြည်နယ်

(၄) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ ဖောင်းပြင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

(၅) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ သိန္နီမြို့၊ ရှမ်းပြည်နယ်

(၆) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ သီပေါမြို့၊ ရှမ်းပြည်နယ်

(၇) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ နမ္မတူမြို့၊ ရှမ်းပြည်နယ်

(၈) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်

(၉) မူးယစ်ဆေးစွဲရောဂါကုဌာန - ပြည်သူ့ဆေးရုံ၊ နောင်ချိုမြို့၊ ရှမ်းပြည်နယ်

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၃၄/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)

**မန္တလေးတိုင်းဒေသကြီး မြို့ပြစနစ်ပုံစံစီမံကိန်း ဦးဆောင်ကော်မတီဖွဲ့စည်းခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် Ministry of Land, Infrastructure, Transport and Tourism (MLIT)၊ Japan International Cooperation Agency (JICA) တို့နှင့်ပူးပေါင်း၍ "မန္တလေးတိုင်းဒေသကြီး မြို့ပြစနစ်ပုံစံစီမံကိန်း (Mandalay Region Urban System Plan - MRUSP)" ရေးဆွဲရန်အတွက် "မန္တလေးတိုင်းဒေသကြီး မြို့ပြစနစ်ပုံစံစီမံကိန်း ဦးဆောင်ကော်မတီ (Mandalay Region Urban System Plan - Steering Committee)" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | နာယက |
| (ခ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | နာယက |
| (ဂ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဃ) | ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (င) | ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | မြို့တော်ဝန်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဇ) | ကော်မတီဝင်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဎ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| ( ဒ ) | ဦးစီးအရာရှိ (ပထမတန်း) (စစ်ထောက်)<br>အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( ဓ ) | ညွှန်ကြားရေးမှူး<br>လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| ( န ) | ညွှန်ကြားရေးမှူး<br>စည်ပင်သာယာရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| ( ပ ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (မြို့ပြနှင့် ဒေသ)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| ( ဖ ) | ညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | တွဲဖက်အတွင်းရေးမှူး |

၂။ ဦးဆောင်ကော်မတီ (Steering Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နယ်မြေဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာမူဘောင်နှင့် လမ်းညွှန်ချက်များ ညှိနှိုင်းပေါင်းစပ်ချမှတ်ပေးခြင်း၊

( ခ ) မန္တလေးတိုင်းဒေသကြီးအတွင်း အဓိကမြို့များ၏ မြို့ပြဖွံ့ဖြိုးရေးသဘောထားပုံစံများ၊ ဦးစားပေး ဆောင်ရွက်ရမည့် စီမံကိန်းများ၊ လမ်းကွန်ရက်ဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနှင့် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည့် မြို့ပြများဖွံ့ဖြိုးရေးစသည်တို့ကို ချိတ်ဆက်ပေါင်းစပ်၍ ပြည့်စုံသော မန္တလေးတိုင်းဒေသကြီး မြို့ပြစနစ်ပုံစံစီမံကိန်းအား ဦးဆောင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ခြင်း၊

( ဂ ) မန္တလေးတိုင်းဒေသကြီး မြို့ပြစနစ်ပုံစံစီမံကိန်း Mandalay Region Urban System Plan (MRUSP) ရေးဆွဲခြင်းအတွက် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) စီမံကိန်းကာလအတွင်း လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ (Working Team) ကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းပေးခြင်း၊ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( င ) မန္တလေးတိုင်းဒေသကြီး မြို့ပြစနစ်ပုံစံစီမံကိန်း Mandalay Region Urban System Plan (MRUSP) ရေးဆွဲရာတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ဆောင်ရွက်ထားမှုများအား ပေါင်းစပ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ချမှတ်ထားသည့်မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှု ရှိစေရေး ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ခြင်း၊

( စ ) MLIT မှ တင်ပြလာသော အစီရင်ခံစာပါ အချက်အလက်များသည် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်မှုပေးခြင်း၊

(ဆ) မန္တလေးတိုင်းဒေသကြီး မြို့ပြစနစ်ပုံစံစီမံကိန်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများအား ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သတ်မှတ်ကာလအတွင်း အချိန်မီပေးပို့နိုင်ရေး ကြီးကြပ်စီမံခြင်း။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

အမှတ် ၇၄ ။ ။ အောက်ဖော်ပြပါ မြို့နယ်ဥပဒေအရာရှိ (တာဝန်)/ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ/မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဦးပိုင်ဟိန်းထွန်း<br>ဥ/၃၂၅၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မဟာအောင်မြေမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂။ | ဦးငြိမ်းချမ်းရွှေပြည်<br>ဥ/၃၁၁၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပြည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>သရက်ခရိုင်ဥပဒေရုံး |
| ၃။ | ဒေါ်ဇာကြည်ဦး<br>ဥ/၃၃၇၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လှည်းကူးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး |
| ၄။ | ဒေါ်ဇင်မာဦး<br>ဥ/၃၂၉၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပျဉ်းမနားမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>နေပြည်တော် (ဒက္ခိဏ) ခရိုင်ဥပဒေရုံး |
| ၅။ | ဒေါ်သန္တာထွေး<br>ဥ/၃၃၇၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး |
| ၆။ | ဦးအာကာသိန်းဝင်း<br>ဥ/၃၂၆၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အမရပူရမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၇။ | ဒေါ်ပိုးဖြူကျော်<br>ဥ/၃၃၆၂ | ဒုတိယဦးစီးမှူး<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၈။ | ဦးထွန်းထွန်းဝင်း<br>ဥ/၃၂၈၄ | မြို့နယ်ဥပဒေအရာရှိ (တာဝန်)<br>(ဥပဒေအရာရှိအဆင့်-၄)<br>သံတောင်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး |
| ၉။ | ဒေါ်မေဖြိုးကျော်<br>ဥ/၃၁၅၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ကော့သောင်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ကော့သောင်းခရိုင်ဥပဒေရုံး |
| ၁၀။ | ဒေါ်ဖြူသဲထွေး<br>ဥ/၃၃၃၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မင်္ဂလာဒုံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးခရိုင်ဥပဒေရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁၁။ | ဦးပြည့်ဖြိုးကျော်<br>ဥ/၃၃၅၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဗဟန်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တောင်ပိုင်းခရိုင်ဥပဒေရုံး |
| ၁၂။ | ဒေါ်ဟေမာန်ထွန်း<br>ဥ/၃၃၂၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>တောင်ငူမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၃။ | ဒေါ်မေသူထွန်း<br>ဥ/၃၂၀၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဝေါမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၄။ | ဦးကျော်မျိုးလွင်<br>ဥ/၃၃၁၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>တောင်ငူခရိုင်ဥပဒေရုံး |
| ၁၅။ | ဒေါ်နော်မေပုလဲခိုင်<br>ဥ/၃၃၃၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အင်းစိန်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး |
| ၁၆။ | ဦးဇေယျာလင်း<br>ဥ/၃၁၇၂ | ဒုတိယဦးစီးမှူး<br>ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၇။ | ဦးပြည့်ဖြိုးပိုင်<br>ဥ/၃၃၈၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အင်္ဂပူမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>မိုင်းကိုင်မြို့နယ်ဥပဒေရုံး |
| ၁၈။ | ဒေါ်စုကြည်ဝင်း<br>ဥ/၃၃၉၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ချမ်းမြသာစည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၉။ | ဦးထွန်းမင်းဟိန်း<br>ဥ/၃၃၀၇ | မြို့နယ်ဥပဒေအရာရှိ (တာဝန်)<br>(ဥပဒေအရာရှိအဆင့်-၄)<br>ကွန်ဟိန်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>နေပြည်တော် (ဒက္ခိဏ) ခရိုင်ဥပဒေရုံး |
| ၂၀။ | ဒေါ်အိသိမ့်သိမ့်သွယ်<br>ဥ/၃၂၇၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပဲခူးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၁။ | ဒေါ်ဖြိုးထက်ထက်ခိုင်<br>ဥ/၃၁၉၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>သာကေတမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၂။ | ဦးဖြိုးဉာဏ်အောင်<br>ဥ/၃၃၃၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရေတာရှည်မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>သံတောင်မြို့နယ်ဥပဒေရုံး |
| ၂၃။ | ဦးသွယ်ကိုလတ်<br>ဥ/၃၂၉၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ချမ်းမြသာစည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၄။ | ဒေါ်အေးသီတာစိုး<br>ဥ/၃၂၄၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>စဉ့်ကူးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၅။ | ဒေါ်ဇင်မီမီဝေ<br>ဥ/၃၂၉၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အောင်မြေသာစံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၆။ | ဒေါ်ဌေးနန္ဒာလေး<br>ဥ/၃၂၉၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဝမ်းတွင်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၇။ | ဒေါ်သန္တာထွန်း<br>ဥ/၃၃၀၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ကျောက်တံခါးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၂၈။ | ဦးလင်းထင်<br>ဥ/၃၃၁၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အမရပူရမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၉။ | ဦးအောင်ကိုကိုမျိုး<br>ဥ/၃၂၇၆ | ဒုတိယဦးစီးမှူး<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၀။ | ဦးလှိုင်မျိုးဝင်း<br>ဥ/၃၂၆၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ကော့မှူးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မကွေးခရိုင်ဥပဒေရုံး |
| ၃၁။ | ဦးထွန်းလင်းဦး<br>ဥ/၃၃၆၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဖြူးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၂။ | ဒေါ်မေဖြိုးခိုင်<br>ဥ/၃၂၇၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ချမ်းမြသာစည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၃။ | ဦးလှိုင်မျိုးဝင်း<br>ဥ/၃၂၈၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>သီပေါမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ကျောက်မဲခရိုင်ဥပဒေရုံး |
| ၃၄။ | ဦးအောင်ကျော်မိုး<br>ဥ/၃၃၂၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လားရှိုးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၅။ | ဒေါ်ဖြူဖြူအောင်<br>ဥ/၃၃၇၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အင်းစိန်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |

အမှတ် ၇၅ ။ ။ အောက်ဖော်ပြပါ မြို့နယ်ဥပဒေအရာရှိ (တာဝန်)/ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့် နေ့မှစ၍ ဦးစီးအရာရှိ/မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဦးဉာဏ်လင်းမြင့်<br>ဥ/၃၃၈၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မရမ်းကုန်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂။ | ဦးဟေမာန်စိုး<br>ဥ/၃၃၃၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လောင်းလုံးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃။ | ဒေါ်ငြိမ်းငြိမ်းအေး<br>ဥ/၃၂၉၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရမည်းသင်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၄။ | ဦးကျော်မင်းထက်<br>ဥ/၃၃၀၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မုံရွာမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၅။ | ဦးဇော်မျိုးဆေး<br>ဥ/၃၃၃၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မကွေးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၆။ | ဦးရဲကိုကို<br>ဥ/၃၂၅၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ချမ်းအေးသာစံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး |
| ၇။ | ဒေါ်သီဂီအောင်<br>ဥ/၃၂၇၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဖျာပုံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး |
| ၈။ | ဦးဇော်မင်းသိန်း<br>ဥ/၃၂၆၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၉။ | ဒေါ်ထက်ငြိမ်းဟန်<br>ဥ/၃၃၃၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပုဇွန်တောင်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၀။ | ဒေါ်စိုးမြင့်ခိုင်<br>ဥ/၃၃၄၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပခုက္ကူမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၁။ | ဦးထက်လင်းအောင်<br>ဥ/၃၂၅၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ချမ်းအေးသာစံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၂။ | ဦးရဲနောင်ထွန်း<br>ဥ/၃၃၁၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အောင်လံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၃။ | ဒေါ်ပန်းနုအောင်<br>ဥ/၃၂၁၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မကွေးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၄။ | ဦးနီကမ်း<br>ဥ/၃၃၄၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ကလေးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံ<br>ဥပဒေရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၅။ | ဦးရန်လင်းအောင်<br>ဥ/၃၃၈၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>မြောင်းမြမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၆။ | ဒေါ်ဇထက်ထက်ပိုင်<br>ဥ/၃၃၄၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၇။ | ဒေါ်သန္တာဝင်းကျော်<br>ဥ/၃၃၄၈ | ဒုတိယဦးစီးမှူး<br>ကရင်ပြည်နယ်ဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>ကရင်ပြည်နယ်ဥပဒေချုပ်ရုံး |
| ၁၈။ | ဒေါ်ယုကေခိုင်<br>ဥ/၃၃၅၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဒဂုံမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၁၉။ | ဦးအောင်ကျော်လင်း<br>ဥ/၃၃၅၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ငပုတောမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>ကွန်ဟိန်းမြို့နယ်ဥပဒေရုံး |
| ၂၀။ | ဦးဟိုင်းဝေး<br>ဥ/၃၂၄၆ | မြို့နယ်ဥပဒေအရာရှိ (တာဝန်)<br>(ဥပဒေအရာရှိအဆင့်-၄)<br>ရွာငံမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>ရွာငံမြို့နယ်ဥပဒေရုံး |
| ၂၁။ | ဦးနေမင်းထက်<br>ဥ/၃၃၇၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>မိုင်းဆတ်မြို့နယ်ဥပဒေရုံး |
| ၂၂။ | ဒေါ်ဆုပြည့်ကျော်<br>ဥ/၃၃၇၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရွှေပြည်သာမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး |
| ၂၃။ | ဒေါ်နိုင်နိုင်ဝင်း<br>ဥ/၃၂၆၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>တွံတေးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၄။ | ဦးရာဇာလင်း<br>ဥ/၃၂၅၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရေစကြိုမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
| --- | --- | --- | --- |
| ၂၅။ | ဒေါ်အေးငြိမ်းခိုင် ဥ/၃၃၁၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ချမ်းမြသာစည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၆။ | ဦးသန်းထိုက် ဥ/၃၃၅၈ | မြို့နယ်ဥပဒေအရာရှိ (တာဝန်) (ဥပဒေအရာရှိအဆင့်-၄) မချမ်းဘောမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ မချမ်းဘောမြို့နယ်ဥပဒေရုံး |
| ၂၇။ | ဒေါ်စိမ်းနုဝေ ဥ/၃၂၇၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ပုသိမ်ကြီးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၂၈။ | ဒေါ်နန်းဖောင်းတစ် ဥ/၃၁၅၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ တာမွေမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး |
| ၂၉။ | ဒေါ်ဝင်းပပအေး ဥ/၃၃၃၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ နတ်တလင်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ သာယာဝတီခရိုင်ဥပဒေရုံး |
| ၃၀။ | ဒေါ်တင်ပိုပိုထွန်း ဥ/၃၂၅၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ရွှေဘိုမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၁။ | ဒေါ်မိုးမိုးဝေ ဥ/၃၂၆၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ရွှေဘိုမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၂။ | ဦးစဖော်မျိုးလတ် ဥ/၃၁၅၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ မြဝတီမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ မွန်ပြည်နယ်ဥပဒေချုပ်ရုံး |
| ၃၃။ | ဦးပြည့်စုံဌေး ဥ/၃၂၉၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ မုံရွာမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၄။ | ဦးအောင်လွင် ဥ/၃၁၄၆ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၃၅။ | ဦးသူရစံ ဥ/၃၂၆၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ လားရှိုးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ လားရှိုးခရိုင်ဥပဒေရုံး |
| ၃၆။ | ဦးနေဝင်းလွင် ဥ/၃၃၀၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ရွှေဘိုမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ ရွှေဘိုခရိုင်ဥပဒေရုံး |
| ၃၇။ | ဦးရှိန်းသူဦး ဥ/၃၂၈၅ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ထားဝယ်မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ မိုင်းတုံမြို့နယ်ဥပဒေရုံး |
| ၃၈။ | ဦးရန်ဆယ်ခင်ဆားရ် ဥ/၃၂၄၉ | မြို့နယ်ဥပဒေအရာရှိ (တာဝန်) (ဥပဒေအရာရှိအဆင့်-၄) တန့်ယန်းမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ တန့်ယန်းမြို့နယ်ဥပဒေရုံး |
| ၃၉။ | ဒေါ်ဆုမြတ်ဝေ ဥ/၃၃၆၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ကြည့်မြင်တိုင်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| ၄၀။ | ဦးစိုးထက်အောင် ဥ/၃၃၀၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ ပျော်ဘွယ်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး |

ထွန်းထွန်းဦး၊
ပြည်ထောင်စုရှေ့နေချုပ်၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

**တောင်ပိုင်းခရိုင်စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးချယ်တင်မြှောက်ခံရသူများအပါအဝင် အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် တောင်ပိုင်းခရိုင်စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၁၀။ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) အရ ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

၁။ **ဆိပ်ကြီးခနောင်တိုမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးဇော်ဝင်း | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်ငြိမ်းချမ်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးဇော်ဇော်ဦး | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးနိုင်အောင်မြင့် | အဖွဲ့ဝင် (၃) |
| (င) | ဦးအောင်ဇော်မိုး | အတွင်းရေးမှူး |

၂။ **တာမွေမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးအောင်မျိုးလင်း | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ခိုင်မာသင်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးညီညီစိုး | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးအောင်ကျော်စိုး | အဖွဲ့ဝင် (၃) |
| (င) | ဦးယုလေးအောင် | အတွင်းရေးမှူး |

၃။ **ဒလမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဒေါ်မြင့်မြင့်ကြည် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်လင်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးဇော်မိုး | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးကျော်ဇင်ဦး | အဖွဲ့ဝင် (၃) |
| (င) | ဦးခင်မောင်ကြွေ | အတွင်းရေးမှူး |

၄။ **ဒေါပုံမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးဘိုဘိုဇော် | ဥက္ကဋ္ဌ |
| (ခ) | ဦးမင်းမောင်မောင် | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးသက်နိုင်ဦး | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးထိန်လင်း | အဖွဲ့ဝင် (၃) |
| (င) | ဦးမောင်မောင်သင် | အတွင်းရေးမှူး |

**၅။ ပုဇွန်တောင်မြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးမြင့်မြတ်သူ | ဥက္ကဋ္ဌ |
| (ခ) | ဦးမင်းဇော် | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးညီညီအောင် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးမျိုးမင်းဇော် | အဖွဲ့ဝင် (၃) |
| (င) | ဦးစစ်မြင့် | အတွင်းရေးမှူး |

**၆။ ဗိုလ်တထောင်မြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဒေါ်ခင်နီလာအောင် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်လှဲ့လှဲ့မင်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်နွယ်နီဝင်း | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးတင်လှမောင် | အဖွဲ့ဝင် (၃) |
| (င) | ဦးအောင်ကျော်လွင် | အတွင်းရေးမှူး |

**၇။ မင်္ဂလာတောင်ညွန့်မြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးခင်လှိုင် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်သီသီခိုင် | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးမင်းအောင် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးခင်မောင်ငြိမ်း | အဖွဲ့ဝင် (၃) |
| (င) | ဦးမင်းလှိုင် | အတွင်းရေးမှူး |

**၈။ ရန်ကင်းမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးအောင်မင်းမင်းကို | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်တင်တင်အောင် | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးတင်ထွန်း | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးအောင်ကျော်ထွန်း | အဖွဲ့ဝင် (၃) |
| (င) | ဦးစိုးငွေ | အတွင်းရေးမှူး |

**၉။ သာကေတမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးအောင်ငြိမ်းကျော် | ဥက္ကဋ္ဌ |
| (ခ) | ဦးသူရဇော် | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်မေသန္တာလှိုင် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးဇော်မင်းဦး | အဖွဲ့ဝင် (၃) |
| (င) | ဦးမောင်မောင်သန်း | အတွင်းရေးမှူး |

မောင်မောင်စိုး၊
ဥက္ကဋ္ဌ (မြို့တော်ဝန်)၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**စည်ပင်သာယာရေးဝန်ကြီးဌာန**

မန္တလေးမြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်)

အမှတ် ၈ ။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ မိုးကုတ်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိက အဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငှားရမ်းခတန်ဖိုး၏ (၁၀ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့် မြေခွန်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ မိုးကုတ်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင် တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငှားရမ်းခတန်ဖိုး၏ (၂. ၅ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ မိုးကုတ်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများသုံးလမ်းဘေးရေငုတ်တစ်ခုခုမှ မျဉ်းဖြောင့် ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငှားရမ်းခတန်ဖိုး၏ (၂. ၅ ရာခိုင်နှုန်း) နှုန်းဖြင့် ရေခွန်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ပစ္စည်းခွန်နှင့်စပ်လျဉ်းသည့် ယခင် အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

အမှတ် ၉ ။ ။ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) အရ သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကအဆောက်အအုံနှင့် မြေများအပေါ်တွင် (၁) နှစ် စံငှားရမ်းခတန်ဖိုး၏ (၅ ရာခိုင်နှုန်း) နှုန်းဖြင့် အဆောက်အအုံနှင့် မြေခွန်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လျှပ်စစ်မီးထွန်းညှိပေးထားသည့် လမ်းမီးတိုင် တစ်ခုခုမှ မျဉ်းဖြောင့်ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငှားရမ်းခတန်ဖိုး၏ (၅ ရာခိုင်နှုန်း) နှုန်းဖြင့် လမ်းမီးခွန်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများသုံးလမ်းဘေးရေငုတ်တစ်ခုခုမှ မျဉ်းဖြောင့် ကိုက် (၁၀၀) အတွင်းတည်ရှိသော အဆောက်အအုံနှင့် မြေများအားလုံးပေါ်တွင် (၁) နှစ် ငှားရမ်းခတန်ဖိုး၏ (၃ ရာခိုင်နှုန်း) နှုန်းဖြင့် ရေခွန်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံရန် မန္တလေးတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ကြေညာလိုက်သည်။

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ပစ္စည်းခွန်နှင့်စပ်လျဉ်းသည့် ယခင်အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

ဒေါက်တာရဲလွင်၊

ဝန်ကြီး၊

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန။

# ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ
## (၂၀၁၉ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤဥပဒေကို **ပဲခူးတိုင်းဒေသကြီးမြေယာခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် ပဲခူးတိုင်းဒေသကြီးတစ်ဝန်းလုံး၌ စတင်အာဏာတည်ရမည်။

၃။ ဤဥပဒေ၌ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လယ်ယာမြေ**ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်ပါ။

(ခ) **တိုင်းဒေသကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးချုပ်**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဝန်ကြီးချုပ်ကို ဆိုသည်။

(င) **ကျေးရွာ**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်း ပါဝင်ခြင်းမရှိသည့် နယ်မြေတွင် ကျေးရွာအဖြစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(စ) **ကျေးရွာအုပ်စု**ဆိုသည်မှာ ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများကိုစုစည်း၍ဖြစ်စေ ကျေးရွာအုပ်စုအဖြစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ နယ်နိမိတ် သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(ဆ) **ရပ်ကွက်**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ နယ်နိမိတ် သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(ဇ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသောပုဂ္ဂိုလ်ကို ဆိုသည်။

(ဈ) **မြေယာခွန်အရာရှိ**ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

(ည) **မြေယာခွန်စည်းကြပ်သည့်ဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

(ဋ) **မြေယာခွန်ကောက်ခံသည့်ဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(ဌ) **မြေယာခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်ကောက်ခံရန် သတ်မှတ်သည့်အခွန်ကို ဆိုသည်။

(ဍ) **စည်းကြပ်**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်မြေယာခွန်ကို ကောက်ခံနိုင်ရန် စိစစ်ပြုစုဆောင်ရွက်ခြင်းကို ဆိုသည်။

(ဎ) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဏ) **စိုက်ပျိုးရေးနှစ်**ဆိုသည်မှာ နှစ်စဉ် ဇူလိုင်လ ၁ ရက်နေ့မှစတင်ပြီး ဇွန်လ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်ကို ဆိုသည်။

(တ) **မြေခွန်မပြေကျန်ငွေ**ဆိုသည်မှာ ဤဥပဒေအရ ပြဋ္ဌာန်းထားသော မြေယာခွန်များကို သတ်မှတ်ထားသည့် ရက်အတွင်း (သို့တည်းမဟုတ်) သတ်မှတ်ထားသည့်ရက်အထိ ပေးဆောင်ခြင်းမရှိသည့် မြေယာခွန်ကို ဆိုသည်။

(ထ) **မြေယာခွန်ထမ်းဆောင်ရန်ပျက်ကွက်သူ**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်ကောက်ခံသည့် မြေယာခွန်ထမ်းဆောင်ရန် ပျက်ကွက်သည့်အခွန်ထမ်းကို ဆိုသည်။

(ဒ) **ကြေးတိုင်လုပ်ငန်း**ဆိုသည်မှာ ခေတ်ကာလနှင့်လျော်ညီသောမြေယာခွန်နှုန်း သတ်မှတ်နိုင်ရန် ဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် အခွန်ရပ်ကွက်ခွဲခြားခြင်း၊ မြေမျိုးကြီးခွဲခြားခြင်း၊ မြေမျိုးအတန်းအစားခွဲခြားခြင်း၊ သီးနှံအထွက်စံကွက်ရိတ်သိမ်းခြင်းနှင့် စုံစမ်းခြင်း၊ သီးနှံလက်ကားဈေးနှုန်းများ စုံစမ်းစာရင်းပြုစုခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် စစ်ဆေးခြင်း၊ မြေပိုင်ဆိုင်ခွင့် စုံစမ်းစစ်ဆေးခြင်းတို့ ပါဝင်ပါသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခေတ်ကာလနှင့် လျော်ညီသောမြေယာခွန်နှုန်းများ ပေါ်ထွန်းရန်၊

(ခ) တိုင်းဒေသကြီးအတွက် ရသင့်ရထိုက်သော မြေယာခွန်များကို ဥပဒေနှင့်အညီ ကောက်ခံရရှိစေရန်၊

(ဂ) ကောက်ခံရရှိသောအခွန်ငွေများဖြင့် တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမားများနှင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်။

## အခန်း (၃)
## မြေယာခွန်နှုန်းသတ်မှတ်ခြင်း

၅။ မြေယာခွန်များကို ဤဥပဒေ နောက်ဆက်တွဲဇယားပါ နှုန်းထားများအတိုင်း သတ်မှတ်ရမည်။

၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ခေတ်ကာလနှင့်လျော်ညီသော မြေယာခွန်နှုန်း သတ်မှတ်နိုင်ရန် မြေယာခွန်စည်းကြပ်သည့်ဌာနသို့ ကြေးတိုင်လုပ်ငန်းများ ဆောင်ရွက်စေ၍သော်လည်းကောင်း၊ မူလရှိပြီး ကြေးတိုင်လုပ်ငန်းများအပေါ် အခြေခံ၍သော်လည်းကောင်း သင့်တင့်မျှတသော မြေယာခွန်နှုန်းထားများ အခါအားလျော်စွာ ပြုစုတင်ပြရန် တာဝန်ပေးအပ်ရမည်။

၇။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပုဒ်မ ၆ အရ မြေယာခွန်စည်းကြပ်သည့်ဌာနမှပြုစုတင်ပြသော မြေယာခွန်နှုန်းများကို တိုင်းဒေသကြီးလွှတ်တော်၏အတည်ပြုချက်ဖြင့် ပြင်ဆင်သတ်မှတ်နိုင်သည်။

၈။ ဝန်ကြီးချုပ်သည် ဤဥပဒေပုဒ်မ ၇ အရ ပြင်ဆင်သတ်မှတ်သည့် မြေယာခွန်နှုန်းများနှင့် စတင်စည်းကြပ်ရမည့်ကာလကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

၉။ ဤဥပဒေပုဒ်မ ၇ အရ ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်သဖြင့် မြေယာခွန်နှုန်းပြောင်းလဲခဲ့လျှင် ပြောင်းလဲသွားသော မြေယာခွန်နှုန်းသစ်သည် ပြန်လည်ပြင်ဆင်သတ်မှတ်သော စိုက်ပျိုးရေးနှစ်အတွင်း အတည် မဖြစ်စေရ။

## အခန်း (၄)
## မြေယာခွန်စည်းကြပ်ခြင်း

၁၀။ မြေယာခွန်စည်းကြပ်သည့်ဌာနသည် ဝန်ကြီးချုပ်က ဤဥပဒေပုဒ်မ - ၁၅ အရ မြေယာခွန်ကင်းလွတ်ခွင့်ပြုထားသည့်မြေမှအပ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေပေါ်တွင် လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် လုပ်ကိုင်အသုံးချနေသူကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေယာခွန်စည်းကြပ်ရမည်။ ထိုသို့ စည်းကြပ်ရာ၌ စိုက်ပျိုးနှစ်တစ်နှစ်လျှင် တစ်ကြိမ်သာ စည်းကြပ်ရမည်။

၁၁။ ဤဥပဒေပုဒ်မ ၁၀ အရ စည်းကြပ်သောမြေယာခွန်ကို ထမ်းဆောင်ရန်အတွက် လယ်ယာမြေပေါ်တွင် လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် လုပ်ကိုင်အသုံးချနေသူ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအားလုံးတွင် တာဝန်ရှိစေရမည်။

## အခန်း (၅)
## မြေယာခွန်ကောက်ခံခြင်း

၁၂။ မြေယာခွန်ကောက်ခံသည့်ဌာနသည် ဤဥပဒေပုဒ်မ ၁၀ အရ စည်းကြပ်သည့်မြေယာခွန်များကို ကောက်ခံရမည်။

၁၃။ မြေယာခွန်ထမ်းဆောင်ရန် ပျက်ကွက်ပါက မြေယာခွန်အရာရှိသည် **မြေခွန်မပေြ ကျန်ငွေဖြစ်ဘိ** သကဲ့သို့ အမှုတွဲဖွင့်၍ ကောက်ခံရမည်။

၁၄။ မြေယာခွန်အရာရှိသည် အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အမှုတွဲဖွင့်လုစ်ပြီးအခွန်ငွေကို သတ်မှတ်သည့်ရက်အတွင်း လာရောက်ပေးဆောင်ရန် နည်းလမ်းတကျ ဆင့်ခေါ်ခြင်း၊

(ခ) ရရန်ရှိသောအခွန်ငွေများကို ကောက်ခံ၍မရရှိလျှင် ၎င်းပိုင်ဆိုင်သော လယ်ယာသုံးပစ္စည်းများမှအပ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဝရမ်းကပ်သိမ်းဆည်းရောင်းချ၍ အရကောက်ခံရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ ဝရမ်းထုတ်ပေးခြင်း၊

(ဂ) ဝရမ်းကပ်သိမ်းဆည်းသော ပစ္စည်းသည် အခွန်ထမ်းပေးဆောင်ရန်ရှိသည့် အခွန်ငွေပမာဏနှင့် ယင်းပစ္စည်းများ ထိန်းသိမ်းရသည့်အတွက်သော်လည်းကောင်း၊ ရွှေ့ပြောင်းသယ်ယူရသည့်အတွက် သော်လည်းကောင်း ကုန်ကျစရိတ်နှစ်ရပ်ပေါင်းကို ကာမိရုံလောက်သာ ဝရမ်းကပ်သိမ်းဆည်းခြင်း၊

(ဃ) ဝရမ်းကပ်သိမ်းဆည်းပြီးနောက် ၁၅ ရက် ကျော်လွန်သည့်တိုင်အောင် အခွန်ငွေပေးဆောင်ခြင်း မရှိပါက ပစ္စည်းများကို လေလံတင်ရောင်းချခြင်း၊

(င) လေလံတင်ရောင်းချရငွေသည် ပေးဆောင်ရန်အခွန်ပမာဏနှင့် ကုန်ကျစရိတ်ထက်ကျော်လွန်နေပါက ပိုလျှံငွေကို ပျက်ကွက်သူအခွန်ထမ်းအား ပြန်လည်ပေးအပ်ခြင်း။

## အခန်း (၆)
## မြေယာခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ ပိုငွေပြန်လည်ထုတ်ပေးခြင်းနှင့် လိုငွေထပ်မံစည်းကြပ်ကောက်ခံခြင်း

၁၅။ ဝန်ကြီးချုပ်သည် မြေယာခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ရေကြီးခြင်း၊ မိုးခေါင်ခြင်း သို့မဟုတ် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် မြေယာခွန်ကင်းလွတ်ခွင့် လျှောက်ထားလာပါက မြေယာခွန်ကောက်ခံသည့်ဌာနမှ စိစစ်တင်ပြချက်အပေါ် မြေယာခွန်ကင်းလွတ်ခွင့်ပြုနိုင်သည်။

၁၆။ ဝန်ကြီးချုပ်သည် မြေယာခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ ပိုငွေပြန်လည်ထုတ်ပေးခြင်းနှင့် လိုငွေထပ်မံ စည်းကြပ်ကောက်ခံခြင်းအတွက် မြေယာခွန်အရာရှိအား အောက်ပါအတိုင်း တာဝန်ပေးအပ်ရမည် -

(က) အခွန်ထမ်း၏ မြေယာခွန်ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာပါက လက်ခံစိစစ်ခြင်း၊

(ခ) မြေယာခွန်ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားမှုအပေါ် မြေယာခွန်စည်းကြပ်သည့်ဌာနသို့ ကွင်းဆင်းစိစစ်စေလျက် သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးချုပ်ထံ တင်ပြခြင်း၊

(ဂ) အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားကြောင်း စိစစ်တွေ့ရှိရပါက ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပိုငွေပြန်လည်ထုတ်ပေးစေခြင်း၊

(ဃ) ပေးဆောင်ထိုက်သည့် မြေယာခွန်ကို လျော့နည်းစည်းကြပ်ထားခြင်း သို့မဟုတ် စည်းကြပ်ရန် ကျန်ရှိနေကြောင်း တွေ့ရှိပါက ထပ်မံစည်းကြပ် ကောက်ခံစေခြင်း။

၁၇။ မြေယာခွန်စည်းကြပ်ကောက်ခံမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၇)
## မြေယာခွန်စာရင်းမှ ပယ်ဖျက်ခြင်း

၁၈။ ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးအပ်ခြင်းခံရသော မြေယာခွန်အရာရှိသည် မှားယွင်းစည်းကြပ်သော အခွန်ငွေများကို အခွန်ငွေစာရင်းမှ ပယ်ဖျက်နိုင်သည်။

၁၉။ ပုဒ်မ ၁၅ အရ မြေယာခွန်ကင်းလွတ်ခွင့်ရရှိသော မြေယာခွန်များကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွက် အခွန်ရငွေစာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း (၈)
## တာဝန်၊ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းနှင့် ရုပ်သိမ်းခြင်း

၂၀။ ဝန်ကြီးချုပ်သည် ဤဥပဒေပါကိစ္စရပ်များကိုဆောင်ရွက်ရန် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

၂၁။ မြေယာခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို သုံးစွဲဆောင်ရွက်ရာတွင် တာဝန်နှင့် လုပ်ပိုင်ခွင့်များအပ်နှင်းခံရသူတို့သည် အဆင့်ဆင့်တာဝန်ခံဆောင်ရွက်ရမည်။

၂၂။ တာဝန်နှင့်လုပ်ပိုင်ခွင့်အပ်နှင်းခံရသူတို့သည် အခွန်ပေးဆောင်ရမည့်သူများထံ ပေးဆောင်ရမည့် မြေယာခွန်စာရင်းအား နောက်ဆုံးပေးဆောင်ရမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ နောက်ဆုံးအကြိမ် အကြောင်းကြားရမည်။

၂၃။ ဤဥပဒေပုဒ်မ ၂၀ အရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းထားသော ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများဆောင်ရွက်သည့် မပြီးပြတ်သေးသော မြေယာခွန်အမှုတွဲကို မိမိဆောင်ရွက်ပိုင်ခွင့်ရှိဒေသအတွင်းဖြစ်လျှင် အဆိုပါ အုပ်ချုပ်ရေးမှူးများထံမှ လွှဲပြောင်းရယူ၍ မိမိကိုယ်တိုင် အဆိုပါအမှုတွဲကို ပြီးစီးအောင်ဆောင်ရွက်နိုင်သည်။

၂၄။ ဝန်ကြီးချုပ်သည် ဤဥပဒေပုဒ်မ ၂၀ အရ တာဝန်နှင့်လုပ်ပိုင်ခွင့်များအပ်နှင်းထားသော ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့သည် မြေယာခွန်နှင့်စပ်လျဉ်းသော မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ပိုမိုသုံးစွဲခြင်းပြုလျှင်သော်လည်းကောင်း၊ အလွဲသုံးစွဲခြင်းပြုလျှင်သော်လည်းကောင်း အပ်နှင်းထားသော တာဝန်ကိုရုပ်သိမ်းခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းပြုရမည်။ ထိုသို့ ရုပ်သိမ်းပြီးသည့်အခါ အဆိုပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သင့်လျော်သည့် အရာရှိတစ်ဦးဦးကို တာဝန်ပေးအပ်နိုင်သည်။

၂၅။ ဤဥပဒေပုဒ်မ ၂၀ အရ မြေယာခွန်ကောက်ခံရန် တာဝန်အပ်နှင်းခြင်းခံရသူများသည် မြေယာခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ကောက်ခံရရှိပြီးသော မြေယာခွန်ငွေအတွက်သော်လည်းကောင်း တာဝန်ရှိစေရမည်။

## အခန်း (၉)
## အထွေထွေ

၂၆။ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြဋ္ဌာန်းသော နည်းဥပဒေအရဖြစ်စေ ဥပဒေနှင့်အညီ ဆောင်ရွက်သည့်ကိစ္စတစ်ရပ်ရပ်အတွက် တာဝန်ဝတ္တရားနှင့်လုပ်ပိုင်ခွင့်အပ်နှင်းခံရသော မည်သူ့ကိုမဆို မည်သည့်တရားရုံးတွင်မှ တရားစွဲဆိုခွင့်မရှိစေရ။

၂၇။ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ပြဋ္ဌာန်းသောနည်းဥပဒေအရဖြစ်စေ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ထားသည့် ကိစ္စရပ်များကို မည်သည့်တရားရုံးတွင်မျှ စီရင်ခွင့်အာဏာမရှိစေရ။

၂၈။ (က) ကောက်ခံရရှိသည့် မြေယာခွန်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပေးသွင်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဝင်ငွေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သုံးစွဲရမည်။

၂၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဤဥပဒေအတည်ပြုသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း ထုတ်ပြန်ရမည်။

(ခ) ဝန်ကြီးချုပ်သည် မြေယာခွန်ကိစ္စရပ်များအတွက် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ မြေယာခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝင်းသိန်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

နောက်ဆက်တွဲဇယား

**ပဲခူးတိုင်းဒေသကြီး မြေယာခွန်နှုန်းထားများ**

| စဉ် | မြေမျိုးကြီး | မြေအတန်းအစား | တစ်ဧကမြေယာခွန်နှုန်းထား (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | လယ်မြေ | R 1 | ၁၅၀၀ | |
| | | R 2 | ၁၄၀၀ | |
| | | R 3 | ၁၃၀၀ | |
| | | R 4 | ၁၂၀၀ | |
| | | R 5 | ၁၁၀၀ | |
| | | R | ၁၀၀၀ | |
| ၂ | ယာမြေ | Y 1 | ၁၃၀၀ | |
| | | Y 2 | ၁၂၀၀ | |
| | | Y 3 | ၁၁၀၀ | |
| | | Y | ၁၀၀၀ | |
| ၃ | ဥယျာဉ်ခြံမြေ | G 1 | ၁၈၀၀ | |
| | | G 2 | ၁၆၀၀ | |
| | | G 3 | ၁၄၀၀ | |
| | | G 4 | ၁၂၀၀ | |
| | | G | ၁၀၀၀ | |
| ၄ | ကိုင်း/ကျွန်းမြေ | K | ၁၅၀၀ | |
| ၅ | ဓနိမြေ | D | ၁၀၀၀ | |
| ၆ | တောင်ယာမြေ | TY | ၁၀၀၀ | |
| ၇ | ကြက်ပေါင်စေးမြေ | RR | ၃၀၀၀ | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်<br>( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### သမဝါယမဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်)

အမှတ် ၃ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ ဦးစီးမှူးရာထူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) မှ ဦးစီးအရာရှိရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သို့ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသော အောက်ဖော်ပြပါ ဦးစီးမှူးများအား မိမိတို့၏တာဝန်ဝတ္တရားများကို စွန့်လွှတ်စေပြီးလျှင် ၎င်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြထားသော လုပ်ငန်းဌာနများတွင် ဦးစီးအရာရှိ၏ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည်နှင့်<br>နိုင်ငံသားစိစစ်ရေး<br>ကတ်ပြားအမှတ် | လက်ရှိလုပ်ငန်းဌာန | ရာထူးတိုးမြှင့်<br>ပြောင်းရွှေ့တာဝန်ချထားသည့်<br>လုပ်ငန်းဌာန |
|---|---|---|---|
| (၁) | ဒေါ်မာမာအေး<br>၁/မညန (နိုင်)<br>၀၆၆၁၄၇ | မြို့နယ်သမဝါယမဦးစီးဌာန<br>မိုးညှင်းမြို့ | ပြည်နယ်သမဝါယမဦးစီးဌာန<br>ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |
| (၂) | ဦးတင်လှ<br>၁/မညန (နိုင်)<br>၀၃၃၀၈၀ | မြို့နယ်သမဝါယမဦးစီးဌာန<br>မိုးညှင်းမြို့ | မြို့နယ်သမဝါယမဦးစီးဌာန<br>ဗန်းမော်မြို့ |
| (၃) | ဦးကိုကိုနိုင်<br>၁/မညန (နိုင်)<br>၀၉၁၀၁၂ | မြို့နယ်သမဝါယမဦးစီးဌာန<br>မိုးညှင်းမြို့ | မြို့နယ်သမဝါယမဦးစီးဌာန<br>တနိုင်းမြို့ |
| (၄) | ဒေါ်နန်းအောင်<br>၁၃/မဆတ (နိုင်)<br>၀၀၀၈၀၂ | မြို့နယ်သမဝါယမဦးစီးဌာန<br>မြစ်ကြီးနားမြို့ | ပြည်နယ်သမဝါယမဦးစီးဌာန<br>ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |
| (၅) | ဒေါ်ဖရန်ဇေးဒယ်<br>၂/ဖရဆ (နိုင်)<br>၀၀၁၄၈၂ | မြို့နယ်သမဝါယမဦးစီးဌာန<br>ဖရူဆိုမြို့ | ပြည်နယ်သမဝါယမဦးစီးဌာန<br>ကယားပြည်နယ်၊ လွိုင်ကော်မြို့ |
| (၆) | ဒေါ်ခင်ဝင်းမော်<br>၃/ကဆက (နိုင်)<br>၀၁၀၂၈၅ | မြို့နယ်သမဝါယမဦးစီးဌာန<br>ကြာအင်းဆိပ်ကြီးမြို့ | ပြည်နယ်သမဝါယမဦးစီးဌာန<br>ကရင်ပြည်နယ်၊ ဘားအံမြို့ |

| စဉ် | အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | လက်ရှိလုပ်ငန်းဌာန | ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားသည့် လုပ်ငန်းဌာန |
|---|---|---|---|
| (၇) | ဦးတင်ထူး ၅/မမတ (နိုင်) ၀၀၄၈၄၇ | တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့ | မြို့နယ်သမဝါယမဦးစီးဌာန မင်းကင်းမြို့ |
| (၈) | ဒေါ်ခင်မြိုင် ၅/ပလဘ (နိုင်) ၀၀၆၈၆၇ | မြို့နယ်သမဝါယမဦးစီးဌာန ပင်လည်ဘူးမြို့ | မြို့နယ်သမဝါယမဦးစီးဌာန ဝက်လက်မြို့ |
| (၉) | ဦးဝင်းဌေးဦး ၅/မရန (နိုင်) ၁၃၃၂၀၄ | မြို့နယ်သမဝါယမဦးစီးဌာန မုံရွာမြို့ | မြို့နယ်သမဝါယမဦးစီးဌာန အရာတော်မြို့ |
| (၁၀) | ဒေါ်မိုးမိုးချစ် ၅/ဟမလ (နိုင်) ၀၀၅၃၄၆ | မြို့နယ်သမဝါယမဦးစီးဌာန ဟုမ္မလင်းမြို့ | မြို့နယ်သမဝါယမဦးစီးဌာန ခန္တီးမြို့ |
| (၁၁) | ဒေါ်နီလာထွေး ၅/ကလထ (နိုင်) ၀၀၀၁၂၁ | မြို့နယ်သမဝါယမဦးစီးဌာန ကလေးမြို့ | မြို့နယ်သမဝါယမဦးစီးဌာန မော်လိုက်မြို့ |
| (၁၂) | ဒေါ်လှနွဲ့ ၆/မအရ (နိုင်) ၀၁၅၈၆၂ | မြို့နယ်သမဝါယမဦးစီးဌာန မြိတ်မြို့ | တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့ |
| (၁၃) | ဒေါ်ညွန့်ညွန့်ဝေ ၆/မအရ (နိုင်) ၀၄၁၅၂၉ | မြို့နယ်သမဝါယမဦးစီးဌာန မြိတ်မြို့ | တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့ |
| (၁၄) | ဦးသန်းဇော် ၇/ကတခ (နိုင်) ၀၄၀၉၃၆ | မြို့နယ်သမဝါယမဦးစီးဌာန ကျောက်တံခါးမြို့ | မြို့နယ်သမဝါယမဦးစီးဌာန ဖြူးမြို့ |
| (၁၅) | ဦးတင်ကိုအောင် ၇/ကပက (နိုင်) ၀၀၁၂၄၅ | မြို့နယ်သမဝါယမဦးစီးဌာန ကြို့ပင်ကောက်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန အုတ်ဖိုမြို့ |
| (၁၆) | ဦးဝင်းနိုင် ၇/အတန (နိုင်) ၀၀၉၄၃၇ | မြို့နယ်သမဝါယမဦးစီးဌာန ရေတာရှည်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန တောင်ငူမြို့ |
| (၁၇) | ဒေါ်နီနီညွန့် ၇/ထတပ (နိုင်) ၀၀၄၅၀၂ | မြို့နယ်သမဝါယမဦးစီးဌာန ထန်းတပင် (ပဲခူး) မြို့ | တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ ပဲခူးတိုင်း ဒေသကြီး၊ ပဲခူးမြို့ |
| (၁၈) | ဦးမြကျော် ၇/ဒဉန (နိုင်) ၀၃၁၄၅၃ | မြို့နယ်သမဝါယမဦးစီးဌာန ဒိုက်ဦးမြို့ | မြို့နယ်သမဝါယမဦးစီးဌာန သနပ်ပင်မြို့ |
| (၁၉) | ဒေါ်နီနီအေး ၈/ထလန (နိုင်) ၀၀၅၇၀၅ | မြို့နယ်သမဝါယမဦးစီးဌာန နတ်မောက်မြို့ | တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ မကွေးတိုင်း ဒေသကြီး၊ မကွေးမြို့ |
| (၂၀) | ဒေါ်ခင်စန်းဝင်း ၈/ကမန (နိုင်) ၀၃၈၂၇၂ | မြို့နယ်သမဝါယမဦးစီးဌာန ကံမမြို့ | မြို့နယ်သမဝါယမဦးစီးဌာန ဆင်ပေါင်ဝဲမြို့ |

| စဉ် | အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | လက်ရှိလုပ်ငန်းဌာန | ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားသည့် လုပ်ငန်းဌာန |
|---|---|---|---|
| (၂၁) | ဦးမြင့်လွင် ၈/မမန (နိုင်) ၀၀၀၅၈၀ | မြို့နယ်သမဝါယမဦးစီးဌာန မြိုင်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန ပခုက္ကူမြို့ |
| (၂၂) | ဦးမျိုးနိုင်ဝင်း ၈/ခမန (နိုင်) ၀၂၀၉၅၉ | မြို့နယ်သမဝါယမဦးစီးဌာန ချောက်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန ရေနံချောင်းမြို့ |
| (၂၃) | ဒေါ်လှကြည် ၉/မနတ (နိုင်) ၀၆၉၈၉၉ | တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ မန္တလေးတိုင်း ဒေသကြီး၊ မန္တလေးမြို့ | သမဝါယမကောလိပ် (မန္တလေး) |
| (၂၄) | ဦးအောင်လွင် ၉/မထလ (နိုင်) ၀၇၁၉၁၃ | မြို့နယ်သမဝါယမဦးစီးဌာန မိတ္ထီလာမြို့ | မြို့နယ်သမဝါယမဦးစီးဌာန ကျောက်ဆည်မြို့ |
| (၂၅) | ဦးလှသွင် ၉/ပဘန (နိုင်) ၀၁၇၈၉၀ | မြို့နယ်သမဝါယမဦးစီးဌာန ပျော်ဘွယ်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန ရမည်းသင်းမြို့ |
| (၂၆) | ဒေါ်စီစီမာ ၉/မမန (နိုင်) ၀၂၅၄၈၇ | မြို့နယ်သမဝါယမဦးစီးဌာန ပြင်ဦးလွင်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန စဉ့်ကူးမြို့ |
| (၂၇) | ဒေါ်ဖြူဖြူသန့် ၉/မရမ (နိုင်) ၀၅၁၂၂၆ | မြို့နယ်သမဝါယမဦးစီးဌာန ချမ်းအေးသာစံမြို့နယ် | သမဝါယမကောလိပ် (မန္တလေး) |
| (၂၈) | ဒေါ်စမ်းစမ်းအေး ၉/မနမ (နိုင်) ၀၇၆၇၂၈ | မြို့နယ်သမဝါယမဦးစီးဌာန အောင်မြေသာစံမြို့နယ် | သမဝါယမကောလိပ် (မန္တလေး) |
| (၂၉) | ဒေါ်မြင့်မြင့်သိန်း ၁၀/ကမရ (နိုင်) ၀၁၅၈၈၇ | မြို့နယ်သမဝါယမဦးစီးဌာန၊ သထုံမြို့ | ပြည်နယ်သမဝါယမဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ |
| (၃၀) | ဒေါ်နှင်းနွယ်အောင် ၁၂/ကမတ (နိုင်) ၀၁၂၅၆၂ | တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရန်ကုန်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန ဆိပ်ကြီးခနောင်တိုမြို့နယ် |
| (၃၁) | ဒေါ်သီသီမြတ် ၇/ရကန (နိုင်) ၀၀၀၈၄၉ | တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရန်ကုန်မြို့ | သမဝါယမကောလိပ် (ဖောင်ကြီး) |
| (၃၂) | ဒေါ်သီတာဦး ၁၂/အလန (နိုင်) ၀၀၃၈၀၀ | မြို့နယ်သမဝါယမဦးစီးဌာန သာကေတမြို့နယ် | မြို့နယ်သမဝါယမဦးစီးဌာန ခရမ်းမြို့နယ် |
| (၃၃) | ဒေါ်ယဉ်မာဆွေ ၁၂/ကတန (နိုင်) ၀၀၂၇၅၀ | မြို့နယ်သမဝါယမဦးစီးဌာန ကျောက်တန်းမြို့နယ် | သမဝါယမကောလိပ် (ဖောင်ကြီး) |
| (၃၄) | ဒေါ်နန်းခမ်းယုံ ၁၃/မရတ (နိုင်) ၀၀၂၆၀၀ | မြို့နယ်သမဝါယမဦးစီးဌာန မူဆယ်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန နမ့်ခမ်းမြို့ |

| စဉ် | အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | လက်ရှိလုပ်ငန်းဌာန | ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားသည့် လုပ်ငန်းဌာန |
|---|---|---|---|
| (၃၅) | ဒေါ်နန်းကြည်ကြည်မြင့် ၁၃/မနန (နိုင်) ၀၀၂၀၀၂ | မြို့နယ်သမဝါယမဦးစီးဌာန မိုးနဲမြို့ | မြို့နယ်သမဝါယမဦးစီးဌာန လဲချားမြို့ |
| (၃၆) | ဒေါ်ဇင်မာဝင့် ၁၃/ရစန (နိုင်) ၀၅၄၄၀၉ | မြို့နယ်သမဝါယမဦးစီးဌာန နောင်ချိုမြို့ | မြို့နယ်သမဝါယမဦးစီးဌာန ရပ်စောက်မြို့ |
| (၃၇) | ဦးညီညီဝင်း ၉/သစန (နိုင်) ၀၀၇၀၀၉ | မြို့နယ်သမဝါယမဦးစီးဌာန ကလောမြို့ | မြို့နယ်သမဝါယမဦးစီးဌာန ပင်းတယမြို့ |
| (၃၈) | ဦးအောင်လွင် ၁၃/မနန (နိုင်) ၀၀၂၁၁၆ | မြို့နယ်သမဝါယမဦးစီးဌာန နမ့်စန် (တ) မြို့ | မြို့နယ်သမဝါယမဦးစီးဌာန မိုင်းရှူးမြို့ |
| (၃၉) | ဒေါ်သင်းသင်းစံ ၁၃/နခတ (နိုင်) ၀၁၄၉၇၂ | မြို့နယ်သမဝါယမဦးစီးဌာန နောင်ချိုမြို့ | မြို့နယ်သမဝါယမဦးစီးဌာန နမ့်စန် (မ) မြို့ |
| (၄၀) | ဒေါ်စန္ဒာညွန့် ၁၄/လပတ (နိုင်) ၁၁၆၆၂၈ | မြို့နယ်သမဝါယမဦးစီးဌာန လပွတ္တာမြို့ | မြို့နယ်သမဝါယမဦးစီးဌာန မြောင်းမြမြို့ |
| (၄၁) | ဒေါ်အေးအေးစန်း ၁၄/ကပန (နိုင်) ၀၀၃၄၀၁ | မြို့နယ်သမဝါယမဦးစီးဌာန ကျုံပျော်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန သာပေါင်းမြို့ |
| (၄၂) | ဦးထွန်းထွန်းဦး ၁၄/မအန (နိုင်) ၀၂၁၈၉၁ | မြို့နယ်သမဝါယမဦးစီးဌာန မြန်အောင်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန အင်္ဂပူမြို့ |
| (၄၃) | ဒေါ်နွယ်နီအေး ၁၄/ညတန (နိုင်) ၀၉၁၂၉၁ | မြို့နယ်သမဝါယမဦးစီးဌာန ညောင်တုန်းမြို့ | မြို့နယ်သမဝါယမဦးစီးဌာန ဘိုကလေးမြို့ |
| (၄၄) | ဒေါ်တင်တင်ဝေ ၁၄/ကပန (နိုင်) ၀၁၀၀၆၈ | မြို့နယ်သမဝါယမဦးစီးဌာန ကျုံပျော်မြို့ | မြို့နယ်သမဝါယမဦးစီးဌာန ငပုတောမြို့ |
| (၄၅) | ဦးမိုးနိုင်ဦး ၁၄/မမက (နိုင်) ၀၀၃၆၉၉ | နေပြည်တော်သမဝါယမ ဦးစီးဌာန | မြို့နယ်သမဝါယမဦးစီးဌာန ဥတ္တရသီရိမြို့နယ် |
| (၄၆) | ဒေါ်စုစုခိုင် ၉/တသန (နိုင်) ၀၉၄၄၈၈ | မြို့နယ်သမဝါယမဦးစီးဌာန ပုဗ္ဗသီရိမြို့နယ် | နေပြည်တော်သမဝါယမ ဦးစီးဌာန |
| (၄၇) | ဒေါ်ဇင်မာဝင်း ၈/ခမန (နိုင်) ၁၄၀၂၅၇ | မြို့နယ်သမဝါယမဦးစီးဌာန ပုဗ္ဗသီရိမြို့နယ် | နေပြည်တော်သမဝါယမ ဦးစီးဌာန |
| (၄၈) | ဦးစိုးမြင့်နိုင် ၉/လဝန (နိုင်) ၁၀၂၉၆၁ | မြို့နယ်သမဝါယမဦးစီးဌာန ဒက္ခိဏသီရိမြို့နယ် | သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (နေပြည်တော်) |

ကျော်ငွေ၊
ညွှန်ကြားရေးမှူးချုပ်၊
သမဝါယမဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### အာရှကြယ်ငါးပွင့် ကုမ္ပဏီလီမိတက်

(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
(မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ်-၁၁၃)

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီး (၄) ရုံး၏ တရားမအထွေထွေအမှုအမှတ် (၄၁/၂၀၁၈) တွင် အာရှကြယ်ငါးပွင့်ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၁၆၂ အရ တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၈. ၂. ၂၀၁၉) ရက်နေ့က အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးမင်းစိန် (B.Sc., R.A., CPA., R.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၉/၁၉၇၈) နှင့် ဦးပြည့်ဖြိုးဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၈၈/၂၀၁၄)၊ အမှတ်-၁၈၉/၁၉၅၊ ပန်းဆိုးတန်းအောဖစ်တာဝါ (၇) ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏အမည်၊ လိပ်စာနှင့် ရရန်ရှိအကြွေးမြီ (သို့မဟုတ်) ရရန်ရှိသူများနှင့် ပတ်သက်သောအကြောင်းများနှင့် မိမိတို့တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေ (ရှိက) လိပ်စာကို (၁၉. ၈. ၂၀၁၉) နေ့တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ ပေးပို့ရမည်။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်လျှင် စာဖြင့် အကြောင်းကြားပြီး ကြွေးမြီ (သို့မဟုတ်) ရရန်ရှိကို ထင်ရှားအောင်ပြသနိုင်ရန် ချိန်းဆိုသည့်အခါ လူကိုယ်တိုင်ဖြစ်စေ၊ တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေကနေဖြစ်စေ လာရောက်ရမည်။

ပျက်ကွက်ပါက ကြွေးမြီများပေးဆပ်ချိန်တွင် အခွင့်အရေးရရှိလိမ့်မည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

နေ့စွဲ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂) ရက်။

| | |
|---|---|
| ဦးမင်းစိန် | ဦးပြည့်ဖြိုးဦး |
| B.Sc., R.A., CPA., R.L | LL.B |
| (စဉ်-၁၆၉၉/၁၉၇၈) | (စဉ်-၉၅၈၈/၂၀၁၄) |

တရားလွှတ်တော်ရှေ့နေများ
တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ
အာရှကြယ်ငါးပွင့် ကုမ္ပဏီလီမိတက် (စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## ရန်ကုန် ဆန်းဗယ်လီ ကုမ္ပဏီလီမိတက်

## (YANGON SUN VALLEY COMPANY LIMITED)

အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှင်များ၏ သာမန်ထက်ထူးကဲသည့် အစည်းအဝေး ဆုံးဖြတ်ချက်အရ **ရန်ကုန် ဆန်းဗယ်လီ ကုမ္ပဏီလီမိတက် (YANGON SUN VALLEY CO., LTD)** အား ၃၀ ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခင်သန့်ဇင်ဦး အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန့်ဇင်ဦး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ရန်ကုန် ဆန်းဗယ်လီ ကုမ္ပဏီလီမိတက်

## ရန်ကုန် ဖန်း(ဒ်) ကုမ္ပဏီလီမိတက်

(အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ၏
အစုရှင်များ၏ အပြီးသတ် အထွေထွေအစည်းအဝေး ခေါ်ယူကျင်းပရန် နှိုးဆော်လွှာ
(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ ပုဒ်မ ၃၅၇ အရ)

အထက်ပါ ကုမ္ပဏီ၏ အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ ပုဒ်မ ၃၅၇ အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းတင်ပြရန်နှင့် ရှင်းလင်းချက်ပေးရန်အတွက် အစုရှင်များ၏ အပြီးသတ် အထွေထွေအစည်းအဝေးကို အမှတ် ၁၈၀၊ ၈ လွှာ၊ တော်ဝင်မြန်မာကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ နံနက် (၉း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဦးမိုးကျော်
(ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်၊ အေစီစီအေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်းအမှတ်-၂ (ဘီနှင့်စီ)၊ နှင်းဆီကွန်ဒို၊
အမှတ် ၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**Htoo Han Thit Auto Services Company Limited**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**Htoo Han Thit Auto Services Company Limited** နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉) မိုင်၊ ဘောဂလမ်း၊ အမှတ် ၁၅/ B တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
[B.Com (AA), CPA (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Global Myanmar Engineering and Contracting Company Limited**

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **Global Myanmar Engineering and Contracting Company Limited** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၇. ၇. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးနေနေလွှမ်းမိုး
Managing Director
Global Myanmar Engineering and Contracting Co., Ltd

ဦးဇင်ဝေ
[B.Com (AA), CPA (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## VRC COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **VRC COMPANY LIMITED** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၇. ၇. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးကျော်စွာလင်း | ဦးဇင်ဝေ |
| Managing Director | [B.Com (AA), CPA (210)] |
| VRC Co., Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

(NOTICE TO CREDITORS)

## AUSTINPLY MYANMAR PRIVATE LIMITED

(VOLUNTARILY WINDING UP)

In accordance with the Special Resolution of Shareholders Meeting held (26.7.2019), **AUSTINPLY MYANMAR PRIVATE LIMITED** was liquidated.

The Company Austinply Myanmar Private Limited was appointed myself U Aung Thein (Advocate) as liquidator.

Therefore claims and payments if any shall be submitted to liquidator with attached sufficient documents, not later than 30.8.2019.

| | |
|---|---|
| Mr. Surendra Kumar Agarwal | U Aung Thein |
| Director | (B.Econ, D.S, R.L) |
| AUSTINPLY MYANMAR PRIVATE LIMITED | Advocate (7598) |

**Notice**

**CORAL GREEN COMPANY LIMITED**

(In members' Voluntary Liquidation)

Pursuant of Section 208 (E) of the Myanmar Companies Act:

**Final Meeting**

A Final meeting of the above Company will be held on 2nd September, 2019 at No. (99/99) Condo, Level-6, Dhamazadi Road, Kamaryut Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Me Me Kyaw
B.Com (Q), CPA
No.49/51, (7th Floor), 2nd Street, Lanmadaw Township,
Yangon Region, The Republic of the Union of Myanmar

(In Members' Voluntary Winding-Up)

**Critical Power & Energy Solution Company Limited**

Notice for Final General Meeting (In Members' Voluntary Winding-Up)

Final General Meeting of the members' voluntary liquidation of **Critical Power & Energy Solution Company Limited** will be held at No.4, Pyidawaye Yeiktha, Kabaaye Pagoda Road, Yankin Township, Yangon at 10:00 am on 16.8.2019, all member are cordially invited to attend the final general meeting.

At the meeting, the liquidator's report and liquidation statement of accounts shall be finally presented and winding-up.

Daw Myint Myint Toe
B.Com, CPA
Liquidator
Critical Power And Energy Solution
Company Limited
No.4, Pyidawaye Yeiktha, Kabaaye Pagoda Road,
Yankin Township, Yangon, Myanmar.

**ဒီဒီ ဗီးနပ်(စ်) ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(DD VENUS SERVICES COMPANY LIMITED)**

ကုမ္ပဏီစာရင်းအပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) အရ ကုမ္ပဏီ၏ စာရင်းများကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့ နံနက် (၁၀း၀၀) တွင် ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်အနေဖြင့် တိုက်အမှတ်-စီ ၁၊ အခန်း-၀၀၅၊ မြေညီထပ်၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေးကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

U Papo Ganesan
[B.A (English)., R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd
Liquidator

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ

**တမစ ကုမ္ပဏီလီမိတက်**

**(TAMASA COMPANY LIMITED)**

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**တမစ ကုမ္ပဏီလီမိတက်** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ် အထွေထွေအစည်းအဝေးကြီးအား ကုမ္ပဏီ၏ ရုံးခန်းလိပ်စာဖြစ်သော အမှတ် (၃၄၆/ဘီ)၊ ကျန်စစ်သား (၁) လမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၃၁-၈-၂၀၁၉) နေ့လယ် (၁း၀၀) နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၉၂၂၃၃၁၅၉၊ ၀၁-၂၃၀၄၃၄၉

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂-၈-၂၀၁၉။